စိတ်ကူးချိုချိုအနုပညာ

# ဓာတ်ရိုး မိုးကိုးသင်း

# စကယ့်မ



ဒုတိယအကြိမ်

mgyoe.com

မြန်မာသစ်တို့၏လောကသည် စာတတ်လောက ဖြစ်ရမည်ဟုအစိုးရကရည်ရွယ်နေပေသည်။ မှန်မြတ်ပါပေ့၊ ထို့ကြောင့် ပညာရေးကို တော်တော်ပင် အားပေးနေပေသည်။ ကျောင်းဆရာတယောက်သည်လည်း သူ့ကိုသူစာပေပညာတတ် တယောက်ဟုယူဆ၍ အရက်သောက် ဖဲကစားနေသော လယ်သမားတယောက်ကို ရယ်သွမ်းပြုပေလိမ့်မည်။ သို့သော် ထိုကျောင်းဆရာသည် ကလေးများအားသင်ပေးရန် စာမှတပါး အခြားစာပေတို့ကို ဘတ်ရန်မသိ။ သူသည်သတင်းစာတစောင်မှဝယ်မဘတ်၊ မဂ္ဂဇင်းစာအုပ်တအုပ်ကိုမျှလည်း ဝယ်မဘတ်။ စာကြည့်တိုက်မှလည်း အသင်းသားအဖြစ်နှင့် ဝင်ထားခြင်းမရှိဘဲ သတင်းစာမဂ္ဂဇင်းစာအုပ်များကိုငှါးမဘတ်။ ထိုကျောင်းဆရာသည်စာတတ်လော၊ ထိုဆရာအားဖြင့် လောကတွင်ရှင်းနှင့်ဆိုင်ရာတစိတ်တပိုင်းကို အကျိုးပြုနိုင်သတတ်လော၊ ထိုဆရာ၏အရေး အကြီးဆုံးလုပ်ငန်းသည်ကား လခထုတ်ရန်နေ့ကို မြှော်လင့်နေခြင်းပင်ဖြစ်ပေသည်။ ထိုဆရာမျိုးများအားဖြင့် မြန်မာ့လောကအတွက်လူကောင်းပေါ်ပေါက်နိုင်ပါမလား။

အခြားလခစားများမှာလည်းထိုနည်းလည်းကောင်း ဖြစ်နေခဲ့သော်

ANB0050

2,000.00 KS

mgyoe.com

တကယ့်လူ၊ စစ်ကိုင်းဦးဘိုးသင်း
စာမျက်နှာ ၂၁၆ မျက်နှာ၊ ၁၆ စင်တီ× ၁၈ ∙ ၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
စန္ဒာဝင်းစာပေ၏ပထမအကြိမ်မူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# တာကယ်လူ
# စစ်ကိုင်းဦးဘိုးသင်း

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း ၁

ကျွန်ုပ်အား တပည့်များက "အဘိုး" လမ်းတော့ လျှောက်ပါဦးခင်ဗျာ ဟု အဆိုများကြသဖြင့် တစ်နေ့မှာ လမ်းလျှောက်သွားရာ ဘိုကြည် အစရှိသော ခပ်ရွယ်ရွယ် လူလေးယောက် စကားပြောနေကြသည်ကို ဤသို့ တွေ့ရလေတော့သည်။

'ကွယ် ... အင်္ဂလိပ်စာအောင်မှ ခုနစ်တန်း အောင်ရမယ်၊ မက် ထရစ် အောင်ရမယ်၊ ကျောင်းထွက်လက်မှတ် စာမေးပွဲအောင်ရမယ် ဆိုတာတော့ သက်သက်ညှဉ်းတာကွဲ့၊ စာမေးပွဲအကျများအောင် လုပ် တာကွဲ့'

'ခင်ဗျားနှယ်ဗျာ အင်္ဂလိပ်စာဟာ ကမ္ဘာသုံးဗျ'

'မင်းနှယ် ရယ်စရာကွယ်။ ပြင်သစ်ပြည်ကို သွားရင် မင်း အင်္ဂလိပ် စာ တတ်တဲ့လူဟာ ဘယ့်နှယ်နေမလဲ၊ မင်းသတင်းစာတွေ၊ မဂ္ဂဇင်းတွေ ထဲမှာ ရေးကြတာကို ကြည့်ကွယ်၊ တစ်နေ့တော့ ငါယူပြမယ်'

'ပြောကြတာပဲဗျာ၊ တကယ့်လူကြီးတွေက ခေါင်းဆောင်ကြီးတွေ က ပြောကြတာပဲ'

'သူတို့ တတ်ထားလို့ ပြောတာကွ၊ သဘာဝကို ဘာမှနားမလည် လို့ ပြောတာကွ။ ငါပြောပြမယ်'

'ခင်ဗျား ... ဘာပြောမလဲ'

'မြေတိုင်းစာရေးကွယ်၊ ရှေးက အင်္ဂလိပ်စာမတတ်ဘဲနှင့် လုပ်ရ တယ်။ ခုခေတ်မှာ အင်္ဂလိပ်စာ မတတ်ရင် ခုနစ်တန်း မအောင်၊ ခုနစ်

mgyoe.com

mgyoe.com


တန်း မအောင်ရင် မြေတိုင်းစာရေး၊ ကျောက်ထိုးဆရာတို့တောင် မလုပ်နိုင်၊ သူတို့မှာ အင်္ဂလိပ်စာ ဘာလုပ်ဖို့လဲ၊ ဘာအသုံးဝင်သေးသလဲ၊ တောကလူတွေကို အင်္ဂလိပ်စကားပြောဖို့လား၊ သည်တော့ လွတ်လပ်ရေးရဲ့တော့မှ အင်္ဂလိပ်စာရဲ့ ချုပ်ချယ်ခြင်းကို ခံနေရတာပဲ မဟုတ်လား'

'ဟုတ်တော့ ဟုတ်တာပေါ့ဗျ'

'ဟုတ်ရင်ပြီးတာပဲ။ သည်အထဲ မန္တလေး ယူနီဗာစီတီက အင်္ဂလိပ်စကားပြော စာမေးပွဲ လုပ်ရပြန်သတဲ့၊ ယူနီဗာစီတီက ထွက်ပြီး အရာရှိလုပ်တဲ့ လူတွေဟာ တောကလူတွေနှင့် ဆက်ဆံတော့ အင်္ဂလိပ်စကားပြောဖို့လား၊ ရယ်စရာကွယ်၊ ဧရာမ ပညာရှိကြီးတွေ ထွင်လုံး၊ ဘာမှမဟုတ်ဘူးကွဲ့။ နိုင်ငံခြား သာသနာကျောင်းများကို ထောက်ပံ့ကူညီရာရောက်နေတယ်'

'နိုင်ငံခြားသွားတော့'

'ထားပါကွယ်၊ သွားချင်တဲ့လူကို သင်ပါစေလား၊ မင်း အင်္ဂလိပ်စကားတတ်လို့ ယူဂိုစလေဗကီးယား၊ အီတလီ၊ ဂျပန်၊ တရုတ်ပြည်သွားတော့ မင်းအင်္ဂလိပ်စာဟာ ရယ်စရာ ဖြစ်မနေဘူးလား၊ အင်္ဂလိပ်စာတတ်မှ စာမေးပွဲအောင်ရမယ်ဆိုတဲ့ စနစ်ဟာ ကောင်းကိုမကောင်းဘူး၊ ဒါဟာ အင်္ဂလိပ် အမေရိကန်တို့ရဲ့ အရောင်ဟပ်နေတဲ့ လူများရဲ့ ပယောဂလို့ဆိုချင်တာပဲ'

'စာမေးပွဲ ရှိတာကို မကောင်းဘူးဗျာ'

'ဒါတော့ထားပါကွယ်၊ အချိန်လိုပါသေးတယ်။ စာမေးပွဲတော့လုပ်ပါ။ အင်္ဂလိပ်စာကို မတတ်ပေမဲ့ ပညာတတ်ရင် အအောင်ပေးပေါ့'

'ကျွန်တော်တော့ မကြိုက်ဘူးဗျာ၊ ခင်ဗျားစာမေးပွဲအောင်တဲ့ လူတွေကော ဘာတတ်သလဲ၊ အဲသည်စာမေးပွဲအောင်တဲ့ လူတွေ နိုင်ငံခြားက ပြန်လာတဲ့ ဒီဂရီဆရာတွေ၊ လခစား မလုပ်ရရင် ဆန်အိတ်လည်း မပိုးနိုင်၊ ဆိုက်ကားလည်း မနင်းတတ်လို့ ငတ်တောင်သေသေးရဲ့၊ ဒါနှင့်

mgyoe.com

mgyoe.com


ဘဝင်မြင့်ပြီး တောင်လုပ်မြောက်လုပ် ပညာသင်တဲ့လူတွေကို ဖိနှိပ်နေတာပဲ'

'မင်းဟာတော့ လွန်သကွယ်'

'မလွန်ဘူးဗျာ၊ တက္ကသိုလ်က ဒီဂရီ ရပြီး ထွက်လာလို့ အရာရှိကြီး လုပ်နေတဲ့လူတွေအား ခု–ခုနစ်တန်းပညာကို ပြန်စစ်မယ်ဗျာ။ တတ်မလား၊ နီတိနှင့် သမိုင်းကိုမေးရင် ခွက်ခွက်လောသွားမယ်။ သင်္ချာကို မေးရင်လည်း မေ့ကုန်ပြီပြောမယ်၊ နောက်ဆုံး အလုပ်လုပ်တော့ မေ့ကုန်တာပဲ မဟုတ်လား။ မေ့ကုန်တာနှင့် ကောင်းကောင်း မတတ်တာဟာ ဘာခြားနားသလဲဗျာ'

'မင်းနှယ်ကွာ'

'ကျွန်တော် ပြောပြမယ်။ နိုင်ငံခြားက ဘွဲ့ရပြီး ပြန်လာတဲ့ ရာဇဝင်ပါမောက္ခအား တို့အိမ်ထောင်က **ကြံစုံကုန်း** ဆိုတာ ဘာလဲလို့ မေးရင် သူသိမလား၊ ဒါဟာ အထက်တန်းပညာရပ်က နှစ်ထပ်ကိန်းရင်း ညီမျှခြင်းတစ်ပုဒ်ကို တွက်ပြစမ်းပါဆိုရင် မေ့ကုန်ပြီ ပြောမှာပဲ၊ အဲသည်တော့ **ကြံစုံကုန်း** ကို မသိရင်၊ နှစ်ထပ်ကိန်းရင်း ညီမျှခြင်းကို မတွက်တတ်ရင် သူဟာ အထက်တန်းပညာကိုတောင် မတတ်တော့ဘူး။ ကိုင်း ဘယ့်နှယ်လဲဗျာ၊ စာမေးပွဲဟာ အပိုပဲ မဟုတ်လား၊ မဟုတ်ရင် ပညာသင်ချင်တဲ့ လူတွေကို ဖိနှိပ်ချုပ်ချယ်ထားတာပဲ မဟုတ်လား'

'မင်းဟာတော့ကွယ် ဒါတော့ ...'

'တချို့က ပြောသေးတယ်။ စာမေးပွဲတွေ သိပ်အအောင်ပေးရင် အစိုးရအလုပ်ပေးနိုင်ဖို့ ခဲယဉ်းသတဲ့၊ သည်စကားက ကျွန်စိတ်ဓာတ်ကို အုတ်မြစ်ချပြီးပြောတဲ့ စကားဗျ၊ စာပေပညာ သင်ကြားတာဟာ လခစား လုပ်ဖို့ ဖြစ်နေပြီ။ အဲဒါမှန်ရင် စာမေးပွဲဟာ ကျွန်ရွေးပွဲကြီး ဖြစ်နေမှာပေါ့'

'မင်းကွယ် ဒါတော့လွန်တယ်'
mgyoe.com

mgyoe.com


'ခင်ဗျားက၊ မင်းကြီးရုံးက စာရေးကြောင့်လား၊ ကျွန်တော် လယ်သမား ကောင်းကောင်းလုပ်ချင်လို့ ရာသီဥတုကို ခန့်မှန်းတတ်အောင် ပထဝီဝင် ပညာကို ကောင်းကောင်းကြီး သင်ချင်တယ်။ ဝါသနာလည်းပါတယ်။ ဒါပေ့ မက်ထရစ်မှာ တစ်ရှုံးတည်း ရှုံးနေတာနှင့် ခုကျောင်းကထွက်ပြီး ဆံပင်ညှပ်ဆိုင် ဖွင့်နေတယ်။ မြို့အုပ်လခလောက်တော့ စည်တာပါပဲ'

'ကိုင်း ... 'ဘိုး' ကို မေးကွယ် ...'

ကျွန်ုပ်လည်း 'မင်းတို့ စကားကိုသာ ငါနားထောင်နေတယ်။ မင်းတို့အထဲမှာ ငါ ဘာမှဝင်မပြော၊ အိုကြီးအိုမ ငါ အဆဲခံနေရဦးမယ်' ဆို၍ ပြန်လာခဲ့ပါသည်။

ထို့ကြောင့် ကျွန်ုပ်အိမ်က ဘယ်ကိုမှ မထွက်ချင်၊ ထွက်လျှင်တွေ့ရပြီ။ အချို့ ပါတီရေး ငြင်းနေကြသည်။ အချို့ ဝါဒရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးတို့ကို တစ်ယောက်တစ်ပေါက် ပြောနေကြသည်။ အချို့ စီးပွားရေးကို ပြောနေကြသည်။ အချို့ အသင်းအကြောင်း၊ အမတ်လုပ်ချင်သူ၊ မြူနီစီပါယ်လူကြီး လုပ်ချင်သူ၊ သမဝါယမ လက်ကားမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး လုပ်ချင်သူ စသဖြင့် ဘိုးလုပ်ချင်တို့ အကြောင်းကို ပြောနေကြသည်။

သတင်းစာများကလည်း ဆွပေးနေသည်။ ယခုခေတ်သည် အသံတော့ ရှိလာပြီ။ သို့သော် ကျယ်လောင်ဟန်တော့ ရှိပုံမရသေးပေ။ ထို့ကြောင့် ကျွန်ုပ် ဘယ်ကိုမှ မထွက်ဝံ့၊ ထွက်သော် လူမတွေ့ရသောနေရာကိုသာ တမင်ရှာ၍သွားသည်မှာပင်။ ကျောင်းကြို့ ကျောင်းကြား၊ စေတီပျက်ကြို့ စေတီပျက်ကြားတို့တွင် ရှေးဟောင်းနှောင်းမြင်း ဆရာများနှင့် တွေ့ရတတ်သေးသည်။

တစ်နေ့မှာ မိတ်ဆွေတစ်ယောက် နေမကောင်းသည်ကို မေး၍ ပြန်လာရာ၊ ထူပါရုံ စေတီအနီး၌ လူသုံးယောက်ကို တွေ့ရာ၊ တစ်

mgyoe.com

mgyoe.com


ယောက်က 'ဒါဟာ ရှင်သီလဝံသ သီတင်းသုံးတော်မူတဲ့ ကျောင်းလား' တစ်ယောက်က 'ထူပါရုံဒကာဟာ ဘယ်သူပါလဲ'၊ တစ်ယောက်က 'စကတည်းက သည်လိုပဲ စုံးတိတိကြီးလား' ဟု မေးပါသည်။

ကျွန်ုပ်လည်း 'အဲသည်တုန်းက ကျုပ် ဘယ်ဘဝမှာ နေသည် မသိ၊ ခွေးများ ဖြစ်နေသလား၊ ကျုပ် မမွေးသေးဘူး' ဟု ပြောပြောဆိုဆို နှင့် အတင်းပြန်လာခဲ့ရပါသည်။

ယခုခေတ်ကား ဤကဲ့သို့ခေတ်၊ ဘယ်လိုများ ဖြစ်ချင်သလဲ မပြောတတ်ပါဘူး။ ဒုံးပျံများ လွှတ်ချင်ကြလို့ ကြိုးစားနေကြသလား မဆိုနိုင်ပါဘူး။

ဤသို့သောခေတ်တွင် ... မြို့၌ ဇရပ်နှင့် တံခွန်လုံး ရေစက်ချပွဲမှာ ဘုန်းတော်ကြီးများ ပြန်ကြွသွား၍၊ လူများ ထမင်းစားကြပြီးနောက် အချို့ပြန်ကြ၏။ လူ ဆယ့်ငါးယောက်လောက်ကား လက်ဖက်ရည်ဖန် ဝိုင်းနှင့် စကားပြောဆိုကာ ရှိနေကြသေး၏။

'ဘကြီးမြ ... ယခုခေတ်မှာ ရဟန္တာ ရှိပါ့မလား ... ရဟန္တာဟာ ဘယ်လိုလဲ ... ရဟန္တာကို မြင်ရင် သိနိုင်ပါ့မလား ...'

'ဆရာတိုး ... ဆရာတို့ ကျောင်းဆရာများဟာ တော်တော် ကတ်သီး ကတ်သတ် မေးတယ် ...'

'ဘကြီးမြ ... ကျွန်တော်က ကတ်သီးကတ်သတ်မေးတာ မဟုတ်ပါ။ ဘကြီးမြက ဝိပဿနာ တရားပြဆရာကြီး လုပ်နေပြီး ... တနင်္ဂနွေ နေ့တိုင်းမှာ ပင်စင်စားကြီးများကို တရားပြနေတာနှင့် ကျွန်တော်တို့ လည်း သိချင် နာချင်လို့ပါ ခင်ဗျ ...'

'ဆရာတို့ရဲ့ စကားက၊ ကတ်သီးကတ်သတ် ...'

'ဦးမြ ... ဒါကိုတော့ မေးထိုက်တယ်ထင်တာပဲဗျာ၊ ဘာကြောင့် ဆိုတော့ ယခုခေတ်မှာ ဝိမုတ္တိခေတ်လို့ အသံအော်လာပြီး ဘယ်မှာရဟန္တာ ပေါ်တယ်၊ ရဟန္တာ ကြွလာလိမ့်မယ်နှင့်၊ သွားကြလာကြ၊ ပူဇော်ကြ၊

mgyoe.com

mgyoe.com


ကြိုဆိုကြနှင့် ဆိုတော့ ဆရာတို့ မေးတာဟာ မေးထိုက်တယ် ထင်တာပဲ ...'

'ဝန်ထောက်မင်း ... ဆရာတိုးက ဘီအက်စ်စီ တော်တော်ကပ်တယ်ဗျ ...'

'ဘကြီး ... ကျွန်တော်တို့ ရဟန်းတစ်ပါး တွေ့တဲ့အခါ ရဟန္တာလား၊ ဘာလားလို့ သိဖို့လိုတယ် မဟုတ်လားခင်ဗျာ'

'အဲဒါဟာ ဆရာတိုး သက်သက်ရွဲ့တာ ...'

ထိုအခါ မနီးမဝေးတွင်ရှိသော အင်မ်အေ အောင်ပြီး ဆရာမတစ်ယောက်နှင့် ဘီအေတွင် ဗုဒ္ဓကျမ်းစာ၊ ပါဠိတို့နှင့် အောင်လာသော ဆရာမတစ်ယောက်တို့လည်း နားထောင်နေကြလေ၏။ စကားဝိုင်းကားပျက်လုမတတ် လက်ဖက်ကိုစား၊ လက်ဖက်ရည်ဖန်သောက်နှင့် နေကြလေ၏။

ထိုသို့သည်တွင် ရိုးရိုးကုပ်ကုပ် ခေါင်းတုံးပြောင်လက်နေသော အဆင်မပြေသည့် လူတစ်ယောက်က ဝင်၍ ဤသို့ စွက်တော့၏။

'သည်လိုပါခင်ဗျာ ...'

'ပြောစမ်းပါ မောင် ...'

'မသိဖူးသော လူတစ်ယောက်နှင့် တွေ့ပါတယ် ... သူဟာ ဘီအေလား၊ အင်မ်အေလား၊ ဘာမှမတတ်ဘူးလားဟု သိပါ့မလား ...'

'အင်း ... ဒါလည်းတစ်ခက် ...'

'သူက ဘီအေဆို ဘီအေ ရတော့မယ်၊ အင်မ်အေ ဆိုရင်လည်း အင်မ်အေ ရတော့မယ်၊ သို့သော် ဟုတ်ချင်လည်းဟုတ်မယ်၊ မဟုတ်ချင်ရင်လည်း မဟုတ်ဘူး၊ ကိုင်းဗျာ ... ဘယ်လိုသဘောပါလဲ ...'

'ဒါတော့ ... သိဖို့ အခက်သားကလား ...'

'ဘီအေ အင်မ်အေ ကိုမှ မြင်ရုံနှင့် မသိနိုင်တော့ ရဟန္တာရင့်မကြီးကို မြင်တာနှင့် သိနိုင်မယ်၊ မသိနိုင်မယ် ဆိုတာကို စဉ်းစားဗျာ ...'

mgyoe.com

mgyoe.com


'ဒါဟာ ဟုတ်ပေတယ် ...'

'ဒါဖြင့် ကျွန်တော်တို့ ဘယ်လို ကိုးကွယ်ရမလဲ၊ ယူဆရမလဲ ခင်ဗျာ ...'

'သဘောပေါ့ ...'

'မိတ်ဆွေ စကားက မရှင်းဘူးဗျာ ...'

'ကောင်းပါပြီ ...'

'ခင်ဗျားတို့ ဘုရားရှိခိုးဖူးသလား ...'

'ရှိခိုးဖူးပါတယ် ...'

'ဘုရားရှိသလား ... ဟို သကျမုနိ ရုပ်တုတော်ဟာ ဘုရားလားဗျာ ...'

'ဒါကိုပဲ လိုချင်ပါတယ် မိတ်ဆွေ ...'

'အသိဉာဏ်ရှိတဲ့ သတ္တဝါမှာမှ ဘုရားရှိပါတယ် ... မဇ္ဈိမမှာ ဂေါတမ မြတ်စွာဘုရားသခင် ပွင့်တော်မူပါလျက်၊ ဘုရားနှင့် မတွေ့တဲ့ ဘုရားမရှိတဲ့ နတ်ဖြဟ္မာတွေ ဒုသခ်ရော၊ ဗာရာဏသီပြည်၊ သာဝတ္ထိပြည်တို့မှာ မြတ်စွာဘုရား မရှိတဲ့လူတွေ အဲသည်အခါတုန်းက အများကြီး၊ အချို့မှာ ဘုရားကို မသိတာနှင့် ပြစ်မှားလို့ အပါယ်ကျရသူတွေလည်း အများကြီး၊ အဲသည်တော့ ဘုရားသည် အသိဉာဏ်ထဲမှာ ...'

'ထားပါတော့ ...'

'အဲသည်တော့ဗျာ ... ဘုရားကို ထားပါဦး၊ ဆရာ့အမေးထဲမှာလည်း ဘုရား မပါပါဘူး ... ရဟန္တာကိုပဲ ဆိုကြပါစို့ ...'

'ဟုတ်ကဲ့ ...'

'ရဟန္တာသည် မဆိတ်ချေ။ ရဟန္တာ ဆိုသည်ကား ကိလေသာ အာသဝေါကင်း၍ သံဃာ ဂုဏ်တော်ခြောက်ပါးကို ဗုဒ္ဓဘာသာဆိုက သိပြီးဖြစ်ရပါမည်'

'အဲသည် ကိလေသာ အာသဝေါကင်းတာကိုပဲ သိဖို့လိုပါတယ်...'

mgyoe.com

mgyoe.com


'ဟုတ်ပြီ ...'

'ဥပမာဆိုပါခင်ဗျာ၊ ရဟန်းတော် တစ်ပါးဟာ သပိတ်ကို ပွေ့၍ အိမ်မှာ ဆွမ်းရပ်လာပါတယ်။ မိမိက ဤကား ရဟန္တာပဲဟု ဆွမ်းလောင်း၊ ရဟန္တာပဲ၊ ဆွမ်းခံသော ကိုယ်တော်သည် ရဟန္တာ မဟုတ်က ဆွမ်းခံသော ကိုယ်တော်၏တာဝန်၊ ဆွမ်းလောင်းသောသူမှာ ရဟန္တာကို လောင်းရတာပဲ၊ အဲသည်တော့ ကပ်စရာ ...'

'ဟုတ်ကဲ့ ...'

'ကုလားဘုန်းကြီးက ဆွမ်းခံလာလို့ လောင်းရင် ...'

'ဟုတ်ပြီ ...'

'အဲသည်တော့ မိတ်ဆွေ၊ မဇ္ဈိမမှာ ဗုဒ္ဓဘာသာကို ဟိန္ဒူများက နှိပ်စက်တော့ အချို့ ဗုဒ္ဓဘာသာ ရဟန်းတို့သည် ဟိမဝန္တာကိုဖြတ်၍ တိဘက်သို့ သွားကြရသည်။ ၎င်းကို မဟာယနဂိုဏ်းဟု ခေါ်သည်။ ၎င်းတို့မှာ ပိဋကတ် ပါမသွားချေ။ အကျင့်သာလျှင် ပတဉ္စလိ ယောဂီများကဲ့သို့ အကျင့် ပါသွားချေသည်။ ထို့ကြောင့် ၎င်းတို့ကို ၎င်းတို့က မဟာယန ဗုဒ္ဓဘာသာဟု ခေါ်သည်။ ရာဇဝင်စကားပေါ့ဗျာ ...'

'ဟုတ်ကဲ့ ...'

'တောင်ပိုင်းသို့ ထွက်လာရသော ဗုဒ္ဓဘာသာရဟန်းများမှာ ပိဋကတ်ရှိမှ အကျင့်မှန်ကို ကျင့်နိုင်သည်ဟု သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟု ပိဋကတ်သုံးပုံကို ဆောင်ပြီးလျှင် မဇ္ဈိမမှ ထွက်လာပါသည်။ ၎င်းကို မြောက်ပိုင်းဗုဒ္ဓဘာသာက ဟိနာယန ဗုဒ္ဓဘာသာဟု ဆိုလေသည်"

'ဟုတ်ကဲ့ ...'

'အဲသည်တော့ ရဟန်းတော်သည် ဘယ်လိုဟု ဝိနည်းက ပြထားလေသည်။ အဲသည် ဝိနည်းအတိုင်း ကျင့်၍ သွားလာနေထိုင် ဆွမ်းခံသော ရဟန်းတော်ကို ရဟန္တာဟု ထင်မှတ်သောသူတွင် ရဟန္တာ မဆိတ်ချေ။ ကိလေသာ ကုန် မကုန်မှာ ဒကာနှင့်မဆိုင် ရဟန်းတော်နှင့်သာ

mgyoe.com

mgyoe.com


ဆိုင်လေသည်။ သူ ကိလေသာကုန်ခြင်းသည် သူ့အတွက် ဖြစ်သည်။ ကိုယ် ကိလေသာကုန်ခြင်းသည် ကိုယ့်အတွက် ဖြစ်သည်။ ရဟန္တာဘယ်မှာလဲ ခင်ဗျာ ...။ ရဟန္တာ တွေ့ပလား'

လက်ဖက်ရည်ဝိုင်းမှ လူတစ်စုသည် ထိုဖန်ခေါင်းတုံးကို စိုက်၍ ငေးနေလေတော့၏။ ထိုသူလည်း ဤသို့ဆက်ကာ ပြောပြန်၏။ အင်မ်အေ မမကြီးနှင့် ဘီအေ ဘီအီးဒီ ခင်ခင်သည် ဟင် ... ဟု ခေါင်းထဲတွင် ဝင်းထိန်ကာ ရှိလေတော့၏။

ရဟန်းတော် တစ်ပါးသည် ရဟန္တာဖြစ်၏။ ငါသည် ရဟန္တာဖြစ်ပြီဟု လူတို့အား မပြောရ၊ ရဟန်းအချင်းချင်းအားလည်း တပည့်တော် ရဟန္တာဖြစ်ပြီဟု မလျှောက်ရ၊ ထိုသဘောကို ဝိနည်းတော်က တားမြစ်ထားသည်။ ရဟန်းတော် အချင်းချင်း ကိုယ်တော် ရဟန်းကိစ္စ ပြီးပါပလားဟု မေးသော် ပြီးလျှင်ပြီးပြီ၊ မပြီးသေးသော် မပြီးသေးဟုသာ လျှောက်ရသည်။

'အင်း ...'

'ရဟန်းကိစ္စ ဟူသည်ကား ကိလေသာ အာသဝေါတရား ကုန်ခန်းအောင် ကျင့်နေခြင်းပင် ဖြစ်ချေသည်။ တစ်နည်းတုံ ဘုရားဆု သာဝကဆု တောင်းထားသော ရဟန်းတော်များမှာကား မိမိဆုအတိုင်းရအောင် အားထုတ်နေခြင်း ဖြစ်ချေသည်။ ရဟန်းတစ်ပါးသည် ရဟန်းကိစ္စပြီး၍ ရဟန္တာဖြစ်သော်လည်း မိမိထက် ဝါကြီးသော ထေရ်ကြီးဝါကြီး ရဟန္တာ မဖြစ်သေးသည့် ရဟန်းတော်အား လေးစားရသေးသည်။ ရိုသေရလေသည်။ ရှိခိုးဦးချရလေသည်။ ဤကား ရဟန်းဝိနည်းသဘော...။

အကြင်ရဟန်းသည် ရဟန္တာဖြစ်၍ ကောင်းကင်ခရီးဖြင့် သွားနိုင်ငြားအံ့၊ ကောင်းကင်သို့ တက်နိုင်ငြားအံ့။ အကြောင်းကိစ္စထူး မရှိဘဲ ကောင်းကင်ခရီးဖြင့် မသွားရ၊ ကောင်းကင်ခရီးဖြင့် ဝါ–မြေသို့ ခြေမထိဘဲ ဆွမ်းမခံရ၊ လူများမြင်အောင်

mgyoe.com

mgyoe.com



ကောင်းကင်ခရီးဖြင့် မသွားမလာရ၊ ဤသို့ဆိုသော် ဤရဟန်းကား တာပြီ ဤရဟန်းကား မတာသေးဟု ဒကာတို့၌ ရွေးချယ်နိုင်ခွင့်မရှိ၊ အားလုံး ရဟန္တာဟု ဒကာတို့၌ ထားခြင်းသည် ဝါ–ပြဆိုခဲ့သည်နှင့်အညီ ထားခြင်းသည် လောကဧ၌ ထိုသူ့အတွက် ရဟန္တာ မဆိတ်ခြင်း ဖြစ်ချေသည်။ ရဟန္တာသည် ဘယ်မှာလဲ ...။

'အင်း ... အင်း ... အင်း ... အင်း ...'

အကယ်၍ ရဟန်းတစ်ပါးက ငါရဟန္တာဖြစ်ပြီ သို့မဟုတ် အခြားသူက ထိုရဟန်းအား ရဟန္တာဖြစ်သည်ဟု ကြေညာ၍ လူတို့သည် ထိုရဟန္တာ ရှိရာသို့ ပူဇော်အထူးကိုပြုရန် သွားကြ၏။ သွားရောက် လှူဒါန်းကြ၏။ မိမိတို့အရပ်၌ ရှိသော မိမိတို့ လှူဒါန်းနေသော ရဟန်းတို့အား ရှုတ်ချရာ ရောက် မရောက်ကို စဉ်းစားရမည်။ ထိုသို့သော သူတို့၌ ဤရဟန်းကား ရဟန္တာ၊ ဤရဟန်းကား ရဟန္တာမဟုတ်ဟု သဘောထားလာခဲ့သော် ပုဂ္ဂလိကဖြစ်၍ ထိုသူ၌ ရဟန္တာရှိသလော။ ထိုသူသည် ရဟန္တာနှင့် တွေ့သလော။ ထိုသူသည် ရဟန္တာကို ပူဇော်ရာ လှူဒါန်းရာ ရောက်သလော။ ငြိတွယ်ခြင်း၊ တပ်မက်ခြင်းသဘောသည် ကပ်နေလေပြီ၊ ငြိတွယ်ခြင်း တပ်မက်ခြင်းသဘော ကပ်နေသောသူ၌ ရဟန္တာ တည်မလော၊ ထိုသူသည် ရဟန္တာနှင့် တွေ့မလော။

ဥပမာမှာ မောင်ဖြူနှင့် မောင်နီကို တွေ့ရရာ မောင်ဖြူသည် ပညာတတ်၏ဟု အထူးပြုသော် မောင်နီကို ရှုတ်ချရာရောက်သည်။ ရဟန်းများကို ရှုတ်ချရာရောက်အောင် ပြုသော် အသို့ဖြစ်မည်နည်း။

ထိုအခါ ပင်စင်စား ဝန်ထောက်မင်းသည် ဤသို့ မေးတော့၏။

'မောင် ... ရဟန္တာကို ပူဇော်ရသောကြောင့် လှူရသောကြောင့် ကြီးမြတ်သော အကျိုးရှိသည်ဟု ဆိုသည်'

'ဟုတ်ကဲ့ခင်ဗျာ ... မြတ်စွာဘုရား လက်ထက်တော်က ရဟန္တာ

mgyoe.com

mgyoe.com


ပေါင်းများစွာ ရှိပါသည်။ ထိုရဟန္တာများကို ဆွမ်းလောင်းကြသော ဒကာ ဒကာမတို့သည် ကြီးမြတ်သောအကျိုးကို ရကြကုန်ပါသလော၊ ဤသို့ ရှိပါသည်'

ရဟန္တာသည် နိရောဓ သမာပတ် ဝင်စား၍ နိရောဓ သမာပတ်မှ ထသော် ဖြူစင်သော အာရုံနှင့် လောကကို ကြည့်၏။ ငါသည် အဘယ် ပုဂ္ဂိုလ်ကို ချွတ်ရအံ့၊ အဘယ်ပုဂ္ဂိုလ်ကို မ စ ရအံ့ဟု ဝင်စားတော်မူ၏။ ထိုအခါ ကောင်းမှုအထုခံနှင့် ပြည့်စုံသောသူသည် ဆင်းရဲပင်ပန်းနေ၏။ အယူဝါဒအားဖြင့် မှားနေ၏။ ထိုပုဂ္ဂိုလ်ထံသို့ ကြွတော်မူ၍ အလှူခံ ခြင်း၊ တရားဒေသနာပြုခြင်းတို့ကို ဆောင်၏။ ထိုပုဂ္ဂိုလ်တို့၌သာ အကျိုးထူးကို ရရှိနိုင်ပါသည်။

'မောင်ရင် တစ်ခု စောဒက ပြုစရာရှိနေပြီ ...'

'ဟုတ်ကဲ့ ခင်ဗျာ ...'

'အလှူခံ ပုဂ္ဂိုလ်တို့၌ အယုတ်၊ အလတ်၊ အမြတ်ဟူ၍ ရှိတယ် မဟုတ်လား ...'

'ကျွန်တော် အစီရင်ခံပါ့မယ် ...'

'အင်း ...'

'မြတ်သော ပုဂ္ဂိုလ်အား လှူသော် အကျိုးရှိသည်။ ရဟန်းတု ရဟန်းယောင်အား လှူသော် အဆိပ်ပင်ကို ရေလောင်းခြင်းနှင့် တူသည် ဟု မဟုတ်လား ခင်ဗျာ'

'အင်း ... ဟုတ်ပြီ'

'ဘာကြောင့် လှူသလဲ ... ကိုယ်အကျိုးရှိဖို့၊ အကျိုးတစ်ခုခုရှိဖို့ လှူခဲ့သော် လောဘဖြစ်သည်။ ဘာကြောင့်ဆိုသော် လိုချင်ခြင်းသည် လောဘဖြစ်သည်။ မလိုချင်ခြင်းသည် ပါဠိစကားအားဖြင့် အလောဘ ဖြစ်သည်။ တစ်စုံတစ်ခုသော အကျိုးကို လို၍ လှူခြင်းသည် ညစ်သည် ညှိသည်။ ရွံစရာဖြစ်သည်။ တစ်စုံတစ်ခုသော အကျိုးကို လို၍ လှူခြင်း

mgyoe.com

m·gyoe.com



သည် လောဘ၊ လောဘသည် ကန်းသည်။ ညစ်ပတ်သည်။ မြတ်သော အလှူသည် ဘယ်မလဲခင်ဗျာ။ အယုတ် အလတ် အမြတ် အလှူသည် ဘယ်မှာတည်ပါသလဲ ခင်ဗျာ ...'

'ဘယ်လို လှူမလဲ မောင် ...'

'အလှူခံ ပုဂ္ဂိုလ်အပေါ်၌ ဖြူစင်သော စိတ်ကိုထားရမည်။ ထိုသူ ဆင်းရဲတွေ့ရမည်ကို သနားရမည်။ ထိုသူ (ဝါ) ထိုအလှူခံ ပုဂ္ဂိုလ် ပြည့်စုံသည်ကို ဝမ်းသာရမည်။ မိမိ၏အကျိုးကို လျစ်လျူပြုရမည်'

'အတော် မောင့်စကားသည် စိတ်လှပေသည်'

'ဥပမာ ခင်ဗျာ ... မောင်ပြည့်ကို မနေ့က မြင်ရသည်။ မောင်ပြည့်သည် ဘိန်းစား၊ အဝတ်ပုဆိုး ထဘီတို့ကိုပင် ခိုးတတ်သည်ဟု သိသည်။ ထိုမောင်ပြည့်သည် ယနေ့နံနက် ခေါင်းတုံး၍ သင်္ကန်းတော်ကို ကျနစွာ ဝတ်၍ သပိတ်ကိုပိုက်၍ ဝိနည်းတော်အတိုင်း ဆွမ်းခံလာသည်။ ထိုအခါ ဆွမ်းလောင်းသည်။ ထိုဆွမ်းလောင်းသူသည် မောင်ပြည့်ကို လောင်းသော် ငြိတွယ်ခြင်းသဘော တပ်မက်ခြင်းသဘောဖြစ်၍ ညှိသော ညစ်သောကြောင့် ပြုံးစရာ ...'

ထိုဆွမ်းလောင်းသူ၌ မောင်ပြည့် ပျောက်ကွယ်၍ ဤကား ရဟန်း၏ အကျင့်ကို ကျင့်နေသည်၊ ကျင့်နိုင်ပါစေ။ သို့တည်းမဟုတ် ဤကား ရဟန္တာ သာသနာတော် တည်တံ့အောင် တည်နေပေသည်။ လောက၏ အကျိုးကို ဆောင်နေပေသည်။ အောင်နိုင်ပါစေဟု လှူဒါန်း၏။ လှူဒါန်းခြင်းကို မပြု။

ရဟန်းတော်ကား ဝါ–ရဟန္တာကား ငါသည် လူတို့၏အကျိုး သတ္တဝါတို့၏ အကျိုးကို ဆောင်အပ်၏။ ငါတို့အား လှူဒါန်းသူများသည် ကောင်းမှုတည်းဟူသော လယ်မြေ၌ ကောင်းကျိုးကို စိုက်ပျိုးခြင်း ဖြစ်ချေသည်။ ကောင်းကျိုးကို ဖြစ်စေသည်ဟု လှည့်လည်ကာ ဆွမ်းကို အလှူခံ၏။ ဒကာအား လှူအပ်သည်ဟု လှူ၏။ ထိုအလှူသည်

mgyoe.com

mgyoe.com


မဖောက်မပြန် မြတ်သောအလှူ ဖြစ်၏။ လှူခြင်း၌ အလင်းရောင်ရသူ ဖြစ်၏။ ထိုအလင်းရောင် ရသူသည် ဆင်းရဲခြင်းဘေးကို ကာကွယ်နိုင်သတတ်ဖြစ်၏။ ထိုကဲ့သို့ တစ်စုံတစ်ရာသော မိမိ၏ကိုယ်ကျိုး ကိုယ်စီးပွားကို မငဲ့ကွက်ဘဲ ရဟန်းအား လှူခြင်း၊ တန်းခြင်း မရှိသော လှူခြင်း ပူဇော်ခြင်းတို့ဖြင့် ထိုသူ၌ ရဟန္တာ တည်နေရာ ရဟန္တာနှင့် တွေ့နေရာ ရောက်ချေသည်။ ရဟန္တာသည် ဘယ်မှာလဲဟု စဉ်းစားရာသတည်း။

'တစ်ခု မေးပါရစေ ...'

'ကိုင်း ... ဆရာတိုး ကပ်ပြီး ကျေနပ်အောင်မေး ...'

'ဘကြီးကလည်း ကျွန်တော် သိချင်လို့ပါ၊ ယခုဘယ်လောက် အကျိုးရှိသလဲ၊ ကျွန်တော် ရဟန္တာနှင့် တွေ့နိုင်ပြီ၊ ရဟန္တာကို ဖူးနိုင်ပြီ၊ သူတစ်ပါး ကိလေသာကုန်တာကို ဆိုပါခင်ဗျာ ...၊ ကိုယ်က မသိဘူး ဆိုတာတော့ ထားပါတော့၊ ကိုယ် ကိလေသာကုန်တာကိုကော မသိနိုင်ဘူးလားဗျာ ... ဘယ်လိုသိရမှာလဲ ...'

'ဟုတ်တယ် ... သည်သဘောလည်း ရှိသေးတယ်'

'သည်လို ခင်ဗျ ... မင်္ဂလာ တရားတော်ထဲမှာ အပါသားပဲ ...'

ထိုအခါ မမကြီးနှင့် ခင်ခင်သည် မိမိတို့ကိုယ်တိုင် မင်္ဂလာ တရားတော်ကို သူတစ်ပါးအား သင်ပေးဖူးသဖြင့် သတိပြုရာ မသိသကဲ့သို့ ဖြစ်နေ၏။ ဖန်ခေါင်းတုံးလည်း ဤသို့ပြောဆို၏။

'လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့သော အကြင်ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် မတုန်မလှုပ်၊ တစ်နည်းတုံ့ အကြင်ကိလေသာ ကင်းသော ပုဂ္ဂိုလ်တို့၌ လောကတွင် တွေ့သော သဘောရှစ်ခုကို တုန်လှုပ်ခြင်းမရှိ။

ထိုလောကဓံတရား ရှစ်ပါးကား လာဘ်ရခြင်း မရခြင်း၊ အခြံအရံရှိခြင်း မရှိခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း

mgyoe.com

mgyoe.com


ဟုရှိရာ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၌ အသေးစိတ်သော် အတော်ကျယ်ပြန့်နေပါသည်'

'ဆိုစမ်းပါဦး ...'

'အကျယ်ကို အစီရင် ခံပါသော် တရားပွဲတစ်ပွဲ ဖြစ်သွားပါမည်'

'အကျဉ်းသဘောပေါ့ဗျာ ...'

'ချမ်းသာခြင်း၊ ဆင်းရဲခြင်း၌ အလိုရှိခြင်း၊ တုန်လှုပ်ခြင်း ပါနေတယ်ခင်ဗျ ...'

'ဟုတ်ကဲ့ ...'

'ဝက်သားဟင်းကို စားချင်တယ်၊ ကြက်သားဟင်းကို စားချင်တယ်၊ ချဉ်ရေချဉ်ဖတ်ကို စားချင်တယ်၊ အဆောက်အဦကောင်းနှင့်နေချင်တယ်၊ နေရာကောင်းနှင့် နေချင်တယ်၊ အဝတ်ကောင်းကို ဝတ်ချင်တယ် စသည်ဖြင့် ဒါတွေလည်း ပါပါတယ်။ အဲသည်လို အလိုရှိသဖြင့် ဝက်သားသည် ကောင်း၏။ ကြက်သားသည် ကောင်း၏။ ငရုတ်သီးသည် စပ်၏ဟု ယူဆမှုသည် တုန်လှုပ်ခြင်း ဖြစ်၏။ ထိုသို့စားချင်ခြင်းနှင့် ကောင်း၏ မကောင်း၏ သိခြင်းသည် အလိုရှိခြင်း၊ တုန်လှုပ်မှု ရှိခြင်းတို့ကြောင့် ကိလေသာ အာသဝေါ မကင်းသေးချေ။ ဤကဲ့သို့ကြမ်းပိုးကိုက်သည်၊ ခြင်ကိုက်သည်၊ ဝမ်းသာသည်၊ ဝမ်းနည်းသည် စသည်တို့ ဖြစ်ပေါ်မှုသည် တုန်လှုပ်ခြင်း ဖြစ်သည်။ ထိုသို့ တုန်လှုပ်ခြင်းရှိသမျှ ကိလေသာ အာသဝေါ မကင်းသေးချေ။ အဲဒီတော့ သူတစ်ပါး မကင်းတာကိုတော့ မသိဘူးပေါ့ဗျာ၊ ကိုယ် မကင်းတာကိုတော့ သိနိုင်သပေါ့။ အလိုရှိခြင်း၊ တုန်လှုပ်ခြင်းရှိသမျှ ညစ်သည်။ အလိုရှိခြင်း၊ တုန်လှုပ်ခြင်းကင်းက ကြည်သည်။ သည်သဘောပေါ့ဗျာ ...'

မမကြီးနှင့် ခင်ခင်ကား ကိုယ်တိုင်ဝင်ရောက်၍ ရောနှောကာ စကားပြောဆိုလို၏။ သို့ရာတွင် မိမိတို့မှာ အမျိုးသမီးများဝိုင်းက ဖြစ်နေသောကြောင့် မရောင့်မရဲ ဖြစ်နေရုံသာ ရှိနေရ၏။ ထိုသူအား ဘယ်က

mgyoe.com

mgyoe.com


လဲ၊ ဘာလုပ်သလဲ၊ ကိုးကျွမ်း အောင်ပြီးမှ လူထွက်လာသလားဟုလည်း မေးလို၏။ ခေါင်းတုံးတိုတိုနှင့် ဖြစ်နေသဖြင့် ရဟန်းလူထွက်ဟု ထင်နေကြ၏။

ထိုသို့နှင့် လူစုကွဲ၍ ပြန်လာကြလေ၏။

ထို့နောက် များမကြာမီ ပင်စင်စား ဝန်ထောက်ကြီး ဦးခန့်သည် ပင်စင်စား အရေးပိုင်ကြီး ဦးကောင်း ဆုံးသည်ဟု ကြားသောကြောင့် အသုဘသို့ နံနက် ကိုးနာရီလောက်တွင် သွားရောက်လေ၏။

ထိုအခါ ယခင်က ဇရပ် ရေစက်ချတွင် စကားပြောလာခဲ့သော ဖန်ခေါင်းတုံးလည်း ထိုအိမ်တွင် ရှိနေလေ၏။ ပင်စင်စား အရေးပိုင်ကြီး၏ သမီး သော်သော်လည်း အဖြီးအလိမ်း အပြုံးကလေးနှင့် နဂိုရ်မူ မပျက်ဘဲ စကားပြောနေသည်ကို ဦးခန့်သည် တွေ့ရလေ၏။ သော်သော်ကား သွားပေါ်ကလေးနှင့် ဤသို့ လောကဝတ်ကို ပြုတော့၏။

'ဘကြွပါ၊ ထိုင်ပါ' (လက်ဖက်ရည် စသည်တို့သည် ရောက်လာလေ၏။)

'သော်သော်ရယ် ... အရေးပိုင်မင်း'

'ဟုတ်တယ် ဘ ... နံနက် လေးနာရီကပဲ ဖေဖေဟာ ပြုံးပြီး ဘဝကူးသွားပါတယ်'

'ဘယ်မှာ ပြင်ထားသလဲ ...'

'သုသာန်သွားပို့ပြီး မီးသင်္ဂြိုဟ်ဖို့ သုဘရာဇာကို အပ်ခဲ့ပါတယ်...'

'ဟာ ... သော်သော်ရယ် ...'

'ဘယ်လိုလဲ ဘ ...'

'ကိုယ့် ကျေးဇူးရှင်ကြီး တစ်ယောက်လုံး သေတာပဲ ...'

'ဟုတ်ပါတယ်ဘ ... ဖေဖေဟာ အိုလို့ အိုနာဆိုတဲ့ နာဘေးဆိုက်လာတော့ ဖေဖေက နေ့တိုင်းသတိပေးပါတယ် ...'

'အင်း ...'

mgyoe.com

mgyoe.com


'ငါ့သမီး ... မွေးလာရခြင်းသည် သေဖို့၊ မွေးဖွားလာသူတိုင်း သေရမယ်၊ ဖြစ်သူတိုင်း ပျက်ရမယ်လို့ သတိပေးပါတယ်၊ ငါ့သမီး မမေ့နှင့်တဲ့ ...'

'အင်း ...'

'ဘတို့လည်း ဖေဖေ့ကို အသိသားပဲ ...၊ ဖေဖေဟာ အရာရှိကလေးဘဝကစပြီး အဂတိ မလိုက်စားခဲ့ဘူး၊ အဲသည်တော့ ဖေဖေဟာ တစ်မျိုးပဲ၊ သည်အထဲမှာ ပင်စင်ယူလာတော့ သူတစ်ပါးအပေါ်မှာ ဖြူဖြောင့်စင်ကြယ်တဲ့ သဘောကို ထားပါတယ်၊ သူတစ်ပါးကို သနားတယ် တရားသဖြင့် ကောင်းစားတာတွေကို ဝမ်းသာတယ်၊ ကိုယ်ကျိုး ကိုယ်စီးပွားကို လျစ်လျူပြုပြီး သူတစ်ပါး ကောင်းစားအောင် သဘောထားပါတယ်၊ တတ်နိုင်သလောက် ဆောင်ရွက်ပါတယ် ...'

'ဘတို့ သိတယ်လေ ... ရပ်ကွက်သမဝါယမှာ ရောင်းသူက ငွေများကို သုံးပစ်တော့၊ ဟော ... စကားမများကြနှင့် မရှည်ကြနှင့်လို့ ဆိုပြီး ငွေငါးထောင် စိုက်ထည့်တာကို သိတယ်'

'ဖေဖေဟာ အိုပေတယ်လို့ သည်သဘောမျိုးကြောင့် အိုဘေးက မဆင်းရဲနိုင်၊ ဓမ္မတာ နာဘေးကပ်တော့လည်း နာဘေးသည် သေဘေးကို မတုန်လှုပ်စေနိုင်၊ မနေ့ကညက သေဘေးနှင့် ကိုမင်း ဆယ်နာရီခွဲရော စကားပြောနေကြသေးတယ်'

'အင်း ...'

'နံနက်လေးနာရီ ဂါတ်က သံချောင်းခေါက်တော့ ဖေဖေ့အခန်းထဲက လူသံကို ကြားပါတယ်၊ အမေ့အခန်းကလည်း အမေ ချောင်းဟန့်သံကို ကြားပါတယ်။ ဒါနှင့် ကျွန်မ မီးဖွင့်ပြီး ဖေဖေ့အခန်း သွားကြည့်တော့ ဖေဖေဟာ ပြုံးပြီး အိပ်ရာပေါ်မှာ မျက်စိမှိတ်ကာ ဘဝတစ်ပါး ကူးသွားတာကို တွေ့ရပါတယ်'

'ဒါနှင့်ပဲ သော်သော်ရယ် ...'

mgyoe.com

mgyoe.com


'ဘ ... ကျန်ခဲ့တဲ့ အလောင်းဟာ ဖေဖေ မဟုတ်တော့ဘူး၊ ဖေဖေရဲ့ ရုပ်လည်း မဟုတ်တော့ဘူး၊ ဖေဖေရဲ့ ပထဝီ တေဇော အာပေါ ဝါယော ဆိုတဲ့ ရုပ်ဓာတ်စုက ပေါက်ပွားတဲ့ မြူတုံးကြီး ဘရဲ့၊ အဲသည် မြူတုံးကြီးဟာ ကျွန်းသား၊ အင်သား၊ စကားဝါသား မြူတုံးလို မဟုတ်၊ ပုပ်ပွနံစော်လာမည့် မြူတုံးကြီး၊ ဒါကြောင့် မြန်မြန်ပဲ မီးသင်္ဂြိုဟ်လိုက်ဖို့ သုသာန်စောင့် လက်အပ်လိုက်ပါတယ်'

'အင်း ... ဘယ့်နှယ်မောင်'

'တရားသဘောဆိုက်ပါတတ်၊ ဗုဒ္ဓဘာသာပဲကိုခင်ဗျာ'

'သော်သော်ရယ်၊ မင်းကို ကြည့်ရတာ မင်းဖေဖေ ဆုံးပါးသွားတဲ့အတွက် ဝမ်းနည်းတဲ့ပုံ မရှိပါလား'

'မသေမီကတော့ ဖေဖေ့အား ကောင်းစွာ ပြုစုပေးပါတယ်။ ကျွန်မကိုယ်တိုင် အဖေနှင့်အမေ စားဖို့သောက်ဖို့ကို ချက်ပြုတ်ကျွေးပါတယ်။ ရေပူ ရေချမ်း ကျွန်မကိုယ်တိုင် စီမံ၊ ရေနွေးချိုးဖို့ ကျွန်မကိုယ်တိုင်စပ်၊ ကျွန်မကိုယ်တိုင် ကြေးတွန်းပေးပါတယ်။ ဖေဖေ ဘာမှ မညှိုးငယ်ရပါ။

'ယခုတော့ ဖေဖေဟာ ဘဝကူးပြီး အထက်နတ်ပြည်ကို ရောက်သွားပါပြီ။ ကျွန်မ ဝမ်းသာရမှာပေါ့။ မွေးသူသည် သေရမည်။ ကျွန်မလည်း သေရမည်။ လူတိုင်းသေရမည်။ သေသွားသူအတွက် ပူဆွေးရခြင်းသည် ဘယ်လိုသဘောဆိုက်ပါသလဲရှင်'

'သော်သော်ရယ် ဝိပဿနာသဘောခိုက်လှပါကလား၊ မမကိုကြည့်ရတွေ့ရတာလည်း ညှိုးငယ်တဲ့ပုံမပေါ်၊ ဝမ်းနည်းတဲ့ပုံမပေါ်'

'ဝန်ထောက်မင်း သေခြင်းသဘောကို နားလည်တဲ့လူဟာ သေသူကို ဘယ်လိုသဘောနှင့် ဝမ်းနည်းရမှာလဲ၊ သေသူဟာ လူ့ဘဝမှာ မကောင်းမှုတုံးကြီးဆိုရင်ဖြင့် ဩော် အပါယ်သို့ ရောက်တော့မှာပါလားဟု သနားပြီး ဝမ်းနည်းတန်ကောင်း ဝမ်းနည်းသင့်ပါရဲ့၊ ယခုတော့

mgyoe.com

mgyoe.com


မောင်မင်းနှင့် (မေတ္တာ သတ္တော အနန္တော) ဆိုတဲ့အကြောင်းကို ညကပဲ ပြောနေကြသေးတယ်'

'ဟုတ်ကဲ့'

'အရေးပိုင်မင်းက မောင်မင်းရယ် (သီလ သတ္တော အက္ကနိဋ္ဌော၊ မေတ္တာသတ္တော အနန္တော) လို့ ဆိုတယ်ကွယ်၊ ကသိုဏ်း စသည်တို့ကို ပြုလို့ ဈာန်ရ၊ ဈာန်နှင့်တကွ စုတေစိတ်ကျတော့ အက္ကနိဋ္ဌဗြဟ္မာဘုံ ရောက်နိုင်တယ်၊ (မေတ္တာ သတ္တော) ဆိုလို့ သတ္တဝါများအပေါ်မှာ မေတ္တာ ပြုနေပြီး ဘာဈာန်နှင့်မှ စုတေစိတ် မကျဘဲ အတိုင်းထက်အလွန် အကျိုး ပေးရမယ် ဆိုတာ ဘယ်ဘုံရှိသေးသလဲ။ အဲသည်သဘောတွေကို ဆွေးနွေး နေသေးတယ်။ အဲသည်သဘောနှင့်ပင် သူ အေးအေး သက်သက်သာသာ နှင့် စုတေစိတ် ကျသွားတော့ ကောင်းသောဘဝကို ရောက်မှာပေါ့၊ ဝမ်းနည်းဖို့ သနားဖို့ လိုသေးသလား။ သူတော်ကောင်းများ ရယ်စရာ ဖြစ်ကုန်ပါ့မယ်'

'သော်သော်'

'ဘ ...'

'သက်ပျောက်ဆွမ်းတို့၊ မြေဆင်းဆွမ်းတို့လည်း သွတ်တာ မမြင် ပါလား'

'ဘရယ် ... ကျွန်မ၊ ဝိမုတ္တိခေတ်ကြီးမှာ မပြောပါရစေနှင့် ...'

'ဘ နားထောင်စမ်းပါရစေ'

'သေသူကို ရည်မှန်းပြီး ဆွမ်းကျွေးခြင်း၊ သပိတ်သွတ်ခြင်း၊ ရက် လည်ဆွမ်းကျွေးခြင်းတို့ ပြုကြပါတယ်။ အဲဒါဟာ ဘာလဲဆိုတော့ သေ သူဟာ လောဘ၊ ဒေါသ၊ မာန အင်မတန်အားကြီးတော့ သေတဲ့အခါ ဝိနိပါတိက ပြိတ္တာ၊ ပြိတ္တာဖြစ်ခဲ့သော် ထိုကုသိုလ်အဖို့ကို ကြံကြိုက် ရင် သာဓုခေါ်နိုင်က ခေါ်ပါစေလို့ ရမ်းပြီး လုပ်ကြရတာပဲ ထားပါတော့၊ စင်စစ် ရမ်းဘူးဆိုရင် သက်သာပါတယ်'

mgyoe.com

mgyoe.com


'အင်း ...'

'ဘုန်းကြီးဘယ်နှပါး ပင့်ပြီး သင်္ဂြိုဟ်ပါသလဲ'

'ဘကလည်း ကျွန်မရဲ့ အဖေ့အလောင်းကို ကမ္ဘာ့ဥာန်းရှုကြမှာ မဟုတ်လို့ အသုဘရှု မပင့်ပါဘူးရှင် ...'

'အင်း ... မှတ်သားစရာပါပဲ'

'မောင်–မောင် ဘရဲ့အိမ်ကို သိတယ်မဟုတ်လား ...'

'သိပါတယ်ခင်ဗျ'

'မောင်ရယ် နက်ဖြန် ရှစ်နာရီမှာ ဘရဲ့အိမ်ကို ခဏကြွခဲ့စေချင်ပါတယ်'

'ကျွန်တော် အားမယ် မထင်ပါ'

'သည်းခံပြီး မောင်ရယ် ကြွခဲ့ပါ။ ဘအပေါ်မှာ အထူးမေတ္တာထားပြီး ကြွခဲ့စေချင်ပါတယ်'

'ဟုတ်ကဲ့လေ၊ ကျွန်တော်အားရင်တော့ လာခဲ့ပါမယ်'

ယခုခေတ်သည်ကား ခေတ်သစ်ဆိုသည်အတိုင်း တစ်မျိုးတစ်ဖုံ လူတို့၏ စိတ်ထဲတွင် ရှိနေကြပုံပေါ်လေသည်။ မြန်မာတို့၏ ခေတ်သစ်မှာ နိုင်ငံရေး လှုပ်ရှားနေခြင်း၊ နိုင်ငံရေး၏ အစိတ်အပိုင်း စီးပွားရေး ဂနာမငြိမ်ခြင်းတို့ ဖြစ်နေသည်ဟု ဆိုတုံသော်လည်း လောကမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း တရားပွဲများမှာ တော်တော်ပင် ခေတ်စားကာ ရှိနေကြလေသည်။ အသက်အရွယ်ကြီးရင့်သူ ဆိုသူတို့မှာလည်း တရားနှင့် ပတ်သက်၍ နီးနှောဆွေးနွေးကြခြင်းသည် အတော်များသည်ဟု ဆိုဖွယ်ရာ ဖြစ်နေလေသည်။

ပင်စင်စား ဝန်ထောက်မင်း ဦးခန့်သည် မောင်မင်းကို သူ့အိမ်သို့ ဖိတ်သွားသည်ကား အကြောင်းရှိတန်ကောင်းပေမည်။ ဦးခန့်သည် မောင်မင်းကို ယမန်က တွေ့ခဲ့၏။ နာမည်ကို မသိ။ သို့သော် မောင်မင်း၏ ပြောဆိုယူဆပုံကို မိမိသည် ဗုဒ္ဓဘာသာစာပေ၌ ငယ်ငယ်က မလိုက်

mgyoe.com

mgyoe.com


စားခဲ့စေကာမူ သဘောကျရှိဟန်တူ၍ မောင်မင်းကို နောက်တစ်ကြိမ် တွေ့လိုသော ဆန္ဒရှိနေရာတွင် သော်သော်၏ အိမ်တွင် အခန့်သင့်တွေ့ ရသဖြင့် နာမည်ကိုပါ သိရပြီးသော် မောင်မင်းကို ၎င်း၏ အိမ်သို့ ဖိတ် ခဲ့၏။

မောင်မင်းနှင့် သော်သော်သည်ကား အတော်ပင် နီးရင်းနေသော ခေတ်လူငယ် နှစ်ယောက်လော ... သော်သော်သည် ပင်စင်စား အရေး ပိုင်ကြီး၏ တစ်ယောက်တည်းသော သမီးအထွေး ဖြစ်၏။ ၎င်း၏ အစ်ကို သုံးယောက်မှာ အရာရှိကြီးများ ဖြစ်ကြ၏။ သော်သော်သည် အခြားမိန်းကလေးများကဲ့သို့ မိမိသည် ဘီအက်စီ ဘီအီးဒီ ဖြစ်သည့် အတိုင်း ကျောင်းဆရာမအလုပ်ကို လုပ်လိုဟန်ရှိ၏။ သို့ရာတွင် ၎င်း ၏ အစ်ကိုများက မည်သည့် လခစားမှု မလုပ်ပါနှင့် လုံလောက်အောင် ထောက်ပံ့ပါမည်ဟု ကတိယူထားကာ တားမြစ်ကြသဖြင့် သော်သော် သည် လခစားမလုပ်၊ သို့လင့်ကစား အစ်ကိုများ၏ ထောက်ပံ့ခြင်းကို လည်း လက်မခံချေ။

သော်သော်၏ စိတ်နေစိတ်ထား ပြောဆိုပုံတို့ကိုလည်း စာဖတ် သူသည် ရိပ်မိတန်ကောင်းပေမည်။

နောက်တစ်နေ့သော် မောင်မင်းသည် ၎င်းအား ဦးခန့်က ဖိတ် ထားသည်ကို မေ့နေဟန်ရှိ၏။ သူ၏ အလုပ်သို့ သွားရန်ပြင်နေ၏။ ထိုအတွင်း ဘသိန်းသည် မောင်မင်း၏ထံသို့ ရောက်လာ၏။

'ကိုယ့်လူ၊ ဆို ဘာလဲ စောစောစီးစီး ...'

'ကျွန်တော်ဗျာ ... ကျွန်တော့် အဖေက ထူးထူးဆန်းဆန်း ရှစ် နာရီမှာ ဆက်ဆက်လာပြီး တွေ့စေချင်တယ်လို့ ခေါ်တာနှင့် ခင်ဗျား လာခေါ်တာပဲ ...'

'ကျွန်တော်က ဘာလုပ်ရမှာလဲ ...'

'ကျွန်တော့်ဘက်က စစ်ကူတန် ကူရအောင်ပါဗျာ ...'

mgyoe.com

mgyoe.com


'ဘာကို စစ်ကူရမှာလဲ ...'

'ဟိုကျရင် ... သိမယ်ဗျာ'

'ကျွန်တော် မေ့နေလို့၊ ခင်ဗျားအဖေကလည်း သည်အချိန်မှာပဲ ကျွန်တော့်ကို ဖိတ်ထားတယ်'

'ကိုင်း ... အခန့်သင့်ဗျာ လာသွားရအောင် ...'

ဘသိန်းနှင့် မောင်မင်းသည် ဘသိန်း၏ ကားကလေးကိုစီး၍ ဦးခန့်အိမ်သို့ သွားကြလေ၏။

ဘသိန်း၏ ကားကလေးဆို၍ ဘသိန်းသည် ငွေတစ်သောင်းကျော် အကုန်ခံပြီးသော် ဝယ်ယူထားသော နိုင်ငံခြားကလာသည့် ကားမဟုတ်၊ ကားအို၊ ကားပျက် တောက်တိုမည့်စတို့မှ စုဆောင်း၍ သူ၏စွမ်းရည်ဖြင့် ပြင်ဆင်လုပ်ကိုင်ထားသော ကားကလေးလှလှ ဖြစ်၏။ ၎င်း၏ ကားကို နှစ်သောင်းနှင့် ဝယ်သူများရှိသော်လည်း ဘသိန်းသည် မရောင်းချေ။

လူချော နှစ်ယောက်သည် အလွန်ညက်၍ အသံမမြည်သလောက်ဖြစ်သော ကားကလေးနှင့် ဘသိန်း၏ အဖေ ဦးခန့်၏ အိမ်သို့ ရောက်သွားကြလေ၏။

မမကြီးသည် ဧည့်သည်လာမည်ဟု သူ့အဖေက ပြောထားနှင့်သဖြင့် ကောင်းစွာ ဧည့်ဝတ်ပြုရန် ပြင်ဆင်ထားသော်လည်း ထောင့်မကျိုးဟု သူယူဆထားသော သူ့မောင် ဘသိန်းပါ ပါလာ၍ ကောင်းစွာ စိတ်မရဲ ရှိနေလေ၏။

ဦးခန့်လည်း နှုတ်ခမ်းမွေး ဖြူကြောင်ကျားကို သပ်ကာ ပြုံး၍ ကိုင်း ထိုင်ကြ ထိုင်ကြဟု ဆိုပြီးသော် ဤသို့ပြောလေ၏။

'ဘသိန်း မင်း သူ့ကို သိလို့လား ...'

'အဖေနှယ် ဒါဟာ ကျွန်တော့်အာစရိခင်ဗျ ...'

'ဟေ ...'

mgyoe.com

mgyoe.com


'ခင်ဗျားနှယ်ဗျာ ...'

'ဘာလဲဗျ။ အာစရိ၊ အာစရိပေါ့ ...'

မမကြီးသည် ထိုစကားကို ကြားရရာ၊ သူတွေ့လိုသောသူ တစ်ယောက်၌ အတော်ရဲရင့်သလိုလို ဖြစ်ပြီးလျှင်၊ စားဖွယ်သောက်ရာများကို ချထားပြီးသော် အနားက ထိုင်နေလေ၏။

'ကိုင်း ... ကော်ဖီသောက် ... မုန့်စားကြပါ ...'

× × ×

'နေပါဦး အဖေ ... ကျွန်တော့်ကို ဘာကြောင့်ခေါ်သလဲ'

'မင်း စီးပွားရေးကိုချည်း ဒါလောက်လိုက်နေလို့၊ ဆုံးမချင်လို့ ငါခေါ်တာ၊ ဒါကြောင့် မောင်မင်းကိုလည်း ငါ ဖိတ်လာခဲ့တယ် ...'

'ကျွန်တော် ဖြေရရင်၊ အဖေ တိခနဲနေမှာ ...'

'မင်း ... ဘုမမှတ်နှင့်'

'မမ ... အသာနေစမ်း'

'မနေဘူးဟယ် ... နင်သေရင် ပြိတ္တာဖြစ်မှာ'

'ကြည့်စမ်း၊ မဦးမချွတ် အဖေက ပြောချင်လို့လည်း ပြောစမ်းပါ'

'ဟ ... ခုတို့မြို့မှာ အကျော်ဇေယျ တရားပွဲကြီး ကျင်းပနေတာ တစ်လရှိပြီ၊ မင်းတစ်ခေါက်မှ မရောက်ဘူး ဆိုပါကလား'

'အဖေတော့ အဖေမို့ ကျွန်တော်ဘာမှ မေးခွန်းမထုတ်ဘူး'

'ကြည့်စမ်း ... ခွေးကောင်'

'မမ ... ဆယ့်ငါးညသွားပြီး တရားနာတယ် မဟုတ်လား'

'ဟုတ်တယ် ...'

'မမ ... သောတာပန် ဖြစ်ပလား၊ အနာဂါမ် ဖြစ်ပလား၊ အနာဂါမ်လို လင်မယူတော့ဘူးလား'

mgyoe.com

mgyoe.com


'ကြည့်စမ်း ဘသိန်း ... နင် တိရစ္ဆာန်စကား ပြောတယ်၊ ငါက ညှော်စိမ်းရှိလို့ သိလား'

'ကိုမင်း ကြားလား ... အဲဒါဟာ ဆယ့်ငါးရက် တရားနာတာနှင့် ဒေါ်မနဿသဟဂုတ် ပဋိဃသမ္ပယုတ်စိတ်တွေ ထကြွ သောင်းကျန်း နေတာ'

'ဘသိန်း ... တယ် ... နင် ...'

(မောင်မင်းကား ပြုံးနေ၏။)

'ဟဲ့ ... အကောင် နင်ဘယ့်နှယ့် စကားကိုပြောသလဲ ... မောင်မင်းရယ် မင်းအကောင်ကို 'လင်း' လာအောင် ဆုံးမစမ်းပါ'

'အဖေ ... အဲသည် တရားဟောတဲ့ ကိုယ်တော်ဟာ ဘာတရား တွေကို ဟောသလဲ'

'ဟဲ့ ... မဂ်လမ်းပြ၊ နိဗ္ဗာန်ပေါက်၊ ဝိပဿနာ တရားတွေကို ပြနေတယ်'

'ဩော် ... အဲသည် ကိုယ်တော်ဟာ ရဟန်းကိစ္စ ပြီးပလား၊ ချဉ်ရည်ဟင်း ဆားမပေါ့တော့ဘူးလား'

မမကြီးသည် သူ့မောင် မောင်ဘသိန်း ပြောသော စကားကို ရုတ်ခနဲ စဉ်းစားလိုက်မိကာ တွေ၍နေ၏။ ဦးခန့်ကား ဤသို့ ပြောတော့၏။

'နင်စကားတတ်တိုင်း ဘောက်မဖောက်နှင့်၊ မင်းသူငယ်ချင်းပဲ စာရေးကြီး မောင်တင်ဟာ သည်ကိုယ်တော်ရေးတဲ့ စာအုပ်ကို ဖတ်တာ နှင့် ဝိပဿနာလမ်းမှာ အတော် ပေါက်နေတယ်'

'ဩော် ... အဖေ ဘာကြောင့်သိသလဲ'

'ဟ ... တစ်နေ့က မောင်ကြွက်တို့ရဲ့ အလှူမှာ ကိုမြနှင့် ဝိပဿနာ စကားတွေကို ပြောနေလိုက်တာကွယ်၊ ငါတော့ မင်းကို သည်လို လူထဲ သူထဲ ဝင်စေချင်လို့ မောင်မင်းကို ဖိတ်ပြီး အပ်ချင်လို့ ...'

'အဖေမအပ်ခင်က ကျွန်တော်ရောက်နေတာ ငါးနှစ်ရှိပြီ အဖေ

mgyoe.com

mgyoe.com


... မောင်တင်ဟာ ဝိပဿနာဆရာလုပ်ပြီး၊ ဝိပဿနာ စကားကို ပြောပေမယ့် သူ့သားကိုတောင် ရှင်မပြုတတ်သေးဘူး'

'ဘသိန်း ... မင်းဟာ တော်တော်သူတစ်ပါးကို နှိမ်တယ်'

'မမ ... မမဟာ အင်မ်အေ ဆရာမ လုပ်နေပြီး စဉ်းစားပြော၊ ကျွန်တော်က ကိစ္စမရှိဘူး ငယ်ကြောက်မို့ ကိုမင်းက ဝမ်းထဲက ရယ်မှာ...'

'ခင်ဗျားနှယ်ဗျာ ...'

'နေပါဦး မင်းက ... မောင်တင်အား သူ့သားကလေးတွေကို တောင် ရှင်မပြုတတ်ဘူးလို့ ဘာကြောင့်ဆိုရသလဲ၊ မင်း သူ့ကို လှမ်းပြီး ဆဲတာပေါ့ ...'

'လှမ်းပြီး မဆဲဘူး အဖေ ... မနေ့က သော်သော်တို့ရဲ့ အိမ်မှာ တွေ့လို့ ပြောင်ဆဲတာနှင့် သူသွားဖြီးနေရှာတယ် ...'

'ကြည့်စမ်း ... ဘာသူ ရှင်မပြုတတ်သလဲ'

'သူ့သားကလေး ဆယ်နှစ်ရွယ်ကို ရှင်ပြုတော့ မဏ္ဍာပ်ကနားကြီး ထိုးလို့၊ ထောပတ်ထမင်းနှင့် ဝက်သားဟင်း ကျွေးလို့၊ ကူငွေတွေခံလို့'

'ဒါဘာဖြစ်သလဲ၊ အများထုံးစံပဲ'

'အဖေ စဉ်းစားပါဦး၊ အများထုံးစံဟာ ဝိပဿနာလား၊ ဝိပဿနာ ဆိုတာဘာလဲ၊ ဝိက ဘာလဲ၊ ပဿနာက ဘာလဲ၊ သူ့သားကလေးကို အထူးသဖြင့် ဆင်ယင်ကာ တန်ဆာကို သနပ်ခါး အမွှေးအထုံ လိမ်းလို့၊ ပုဆိုးတောင်ရှည်ကလေးနှင့် ဒါဟာ ဝိပဿနာလား။ ပြီးတော့ အတီးအမှုတ်နှင့် နတ်စင်မှာ နတ်သွားပြလို့ ဒါတွေဟာ ဝိပဿနာပေါ့၊ ပြီးတော့ ဘိသိက်ဆရာက ဆိုင်းတခြိမ့်ခြိမ့်နှင့် ဘိသိက်သွန်းလို့ ထူးမခြားနား သီချင်းကိုဆို၊ ဒါဟာ ဝိပဿနာလားခင်ဗျာ၊ ခေတ်သစ် ဝိပဿနာ လားခင်ဗျာ'

မမကြီးသည် သူ့မောင် ဘသိန်းပြောသော စကားကို ငေးစိုက်ကာ တွေးနေ၏။ ဘသိန်းသည် ဘာစာများကို ဖတ်နေပါလိမ့်လဲဟု

mgyoe.com

mgyoe.com


တွေးဆကာ နေ၏။ ဦးခန့်ကား ပါးစပ်ဟောင်းလောင်းနှင့် နေ၏။ ဘသိန်းသည် ဆက်၍ ပြောပြန်၏။

'အဖေရဲ့ မောင်တင့် ဝိပဿနာက ခေတ်သစ်မှာ လူသစ်များရဲ့ ဝိပဿနာ ထင်ပါရဲ့၊ ရှင်သာမဏေ ဆိုတာလည်း ရဟန်းကလေးပါပဲ၊ ဗမာစကားမှာသာ ကိုရင်၊ ဦးပဥ္စင်း၊ ဘုန်းကြီးလို့ ခွဲပါတယ်။ ပါဠိလို တော့ သမဏ၊ ပဗ္ဗဇိ၊ ဘိက္ခု တစ်မျိုးတည်းပါပဲ။ အဲသည်တော့ ရှင်သာမဏေ ဝတ်တဲ့အခါ သကလ၊ ဝဋ္ဋဒုက္ခ၊ နိဿရဏ စသည်ဖြင့် သင်္ကန်းတောင်းရပါတယ်။ 'အဓိပ္ပာယ်က အလုံးစုံသော ဝဋ်ဆင်းရဲ အပေါင်းမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း အလို့ငှာ ရှင်သာမဏေ တပည့်တော်အား ပြုပေးတော်မူပါလို့ အကျဉ်းချုပ်ပါ။ အဲဒီတော့ မောင်တင့်ရဲ့ သားကလေးဟာ အလုံးစုံသော ဝဋ်ဆင်းရဲ ဆိုတာကို ဘာလဲလို့ သိသလား၊ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဆိုတာ ဘာလဲလို့ သိသလား'

'ဟာ ...'

'အဖေ၊ မဟာနှင့်၊ အလုံးစုံသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဆိုတာဟာ ထောပတ်ထမင်းနှင့် ဝက်သားဟင်း ကျွေးတာ၊ အကျႌငွေခံတာ၊ ဆိုင်းတီးတာ၊ နတ်ပြတာတွေ၊ ဘိသိက်မြောက်တာတွေလို့ အဲသည် သာမဏေပြုမယ့် ဆယ်နှစ်သားကလေးက တင်းနေရင် ဘယ့်နှယ်လုပ်မလဲ'

'နင့်နှယ်ဟယ်'

'မမ၊ ကိုင်း ဆိုစမ်းပါ'

'မြတ်စွာဘုရား သားတော် ရာဟုလာကို သင်္ကန်းဝတ်တော့ ရာဟုလာဟာ အလုံးစုံသော ဝဋ်ဆင်းရဲကို သိလို့လား။ ထီးမွေနန်းမွေ ဆိုတဲ့ အမွေတောင်းလာရာမှာ ဖမ်းပြီး သင်္ကန်းဝတ်ပေးတာပဲ မဟုတ်လား'

mgyoe.com

mgyoe.com


'ဟုတ်ပြီ မမ၊ ရာဟုလာကို သင်္ကန်းဝတ်ဖို့ ခေါင်းရိတ်တော့ ခေါင်းရိတ်သော ရဟန်းက တစ ကမ္မဋ္ဌာန်းကိုပေးလို့ ချက်ချင်း ရဟန္တာ ဖြစ်သွားတယ်။ မောင်တင်ရဲ့ သားကလေး ဆယ်နှစ်ရွယ်ဟာ သည်လိုပဲ ဘာကမ္မဋ္ဌာန်းနှင့် ရဟန္တာဖြစ်သွားသလဲ'

'နင့်နှယ်ဟယ်၊ တော်တော့ကို ကတ်တာပဲ'

'မမ၊ ကျွန်တော်ကတ်တာကို မဟုတ်ဘူး၊ သဘောကို ပြောပြတာပါ'

'ဟိုက ပါရမီရှင်၊ ပစ္ဆိမဘဝိကသားပဲ'

'ခုကော သာသနာတွင်းမှာ ရှိသေးတယ်၊ သိနိုင်သလား၊ ထားပါတော့ ပါရမီရှင် မဟုတ်ပေမယ့် ရှင်သာမဏေဝတ်မယ့် လူဟာ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါးကို နားလည်ရမယ်။ မဝတ်မီ နားမလည်ဘူးထား၊ ဝတ်ပြီးရင် နားလည်ရမယ်။ ရှင်ကျင့်ဝတ်ကို သိရမယ်။ ဘယ်ကို သွားရမယ်၊ ဘယ်လိုနေထိုင်ရမယ်၊ ဘယ်လိုဆွမ်းစားရမယ်၊ ဆွမ်း ဘာကြောင့် စားရတယ်၊ သင်္ကန်းကို ဘာကြောင့်ဝတ်ရတယ်၊ ကျောင်းမှာ ဘာကြောင့်နေရတယ် စသည်ဖြင့်တော့ တတ်သိနားလည်ပြီး ဆင်ခြင် နေထိုင်တတ်မယ်၊ ထောင်ကုန် သောင်းကုန် အကုန်ခံပြီး ထောပတ် ထမင်း ဝက်သားဟင်းနှင့် ထမင်းကျွေးတာ ဘိသိက်မြှောက်တာနှင့် ရှင်သာမဏေဖြစ်တာ မဟုတ်ဘူးခင်ဗျာ၊ ဒါကြောင့် ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘော၊ ရဟန်းရှင်သာမဏေအဖြစ်ကို ရခဲပါသတဲ့။ သူတော်ကောင်း တို့၏ ဟောသော တရားတော်ကို အလွန်ကြားနာရခဲပါသတဲ့၊ အဲဒါနှင့် ဆန့်ကျင်ဘက်ဆိုရင် သူတော်ကောင်းမဟုတ်တဲ့ သူများဟောတဲ့ တရား ကို ကြားနာရခြင်း လွယ်ကူတယ်ဆိုတာကို သတိပြုသင့်ပါတယ်။ ဘယ့်နှယ် မမ'

'နင့်ဟာနှယ် သိပ်တင်းလွန်းတယ်'

'တင်းတာမဟုတ်ဘူးလေ၊ ဒါလောက် တင်းတာတောင် လျော့

mgyoe.com

mgyoe.com


နေလွန်းအားကြီးတာနှင့် ပတ်နေတာကို မမလည်း အမြင်သား၊ အသိသားပဲ၊ နောက်ဆုံး မမ၊ မမတို့ပြောနေတဲ့ သောတာပန်၊ သောတာပန်နှင့်၊ သောတာပန်ဆိုတာ ပါဠိပျက်၊ ဗမာစကား တိုက်ရိုက်အဓိပ္ပာယ် ဘာပါလဲ၊ အဲဒါကိုပဲ သတိပြုစမ်းပါ ...'

'အင် ... ငါက မင့်ကို ဆုံးမဖို့ခေါ်ပါတယ်။ မင်းက ငါ့ကို ဆုံးမသလိုဖြစ်နေပြီ ...'

'ဟာ အဖေကလည်း မတောက်တခေါက် ...'

'မင်းပြောသွားတဲ့ စကားတွေကကွယ် ...'

'အဖေ မမက ကျွန်တော့်ကို စီးပွားရေးလိုက်လွန်းလို့ ပြိတ္တာဖြစ်မယ် ဆိုတာကြောင့် ကျွန်တော့်အပေါ်မှာ ငါတော့ ငါ့သား ဘသိန်းကို မွေးရတာ ကျေးဇူးနပ်ပြီလို့ စိတ်ချစေရန် ပြောတာပါ၊ ကျွန်တော့်မှာ ဆရာနှင့်ပါ'

'မင့်ဆရာ ...'

'ကျွန်တော့်ဆရာ ကိုမင်းလေ ...'

'ဟာ ... ကိုဘသိန်း ခင်ဗျားနှယ်'

မမကြီးသည် သူ့မောင်ပြောသော စကားကို ကြည်သော မျက်နှာနှင့် သတိပြုနေ၏။ ဘသိန်းလည်း ဆက်၍ ဤသို့ ပြောပြန်၏။

'ကျွန်တော်က မှန်တာပြောတာ၊ ဆရာဟာ ဆရာပဲ'

'ကိုင်း ပြောစမ်းကွယ်။'

'ကျွန်တော်ဟာ စက်ဆင်ခြင်း (မက္ကင်နီဘား) အတတ်ကို ဒီဂရီရလာတော့ ကျွန်တော့်အား လခငါးရာနှင့် ခန့်ထားပါတယ်၊ ကျွန်တော် မလုပ်လို့ မမကတောင် မခေါ်ဘူး'

'အင်း ...'

'ကျွန်တော်နှင့် ကိုမင်းတွေ့တော့ ကိုမင်းက မင်းကွယ် ပညာတွေ တတ်ပြီးတော့မှပဲ လခစား မလုပ်ပါနှင့် တိုင်းပြည်လူမျိုးအတွက်

mgyoe.com

mgyoe.com


အလုပ်လုပ်ပါဆိုတယ်၊ ဒါကြောင့် လခငါးရာနှင့် ခန့်တာကို ကျွန်တော် လက်မခံလိုက်ဘူး'

'အင်း ...'

'ဒါနှင့် ကိုမင်းက ကျွန်တော့်ကို ပွတ်စက်ရုံတစ်ရုံမှာ အပ်ပေးတယ်။ ကျွန်တော် သုံးလလောက် လေ့ကျင့်တော့ ကောင်းကောင်းတတ်ပြီ။ ကျွန်တော်သင်တဲ့ ပညာတွေဟာ ပွင့်လာပြီ၊ သည်တော့မှ ကျွန်တော် သိပ္ပံဝိဇ္ဇာအစစ် အတတ်ကို တတ်သူ ဖြစ်လာပါတယ်'

'အင်း ...'

'အဖေတို့အား ကျွန်တော်ဘာမှ နားမပူ၊ ခေါင်းမှာ ဥရောပ မွေးမထားလို့ လူပျိုကြီးလုပ်နေရတဲ့ ကိုမင်းထံမှာ ကျွန်တော် စားသောက်ပြီး အတူတူနေလာခဲ့ပါတယ်'

(မမကြီးသည် မျက်နက်ကို ထောင့်ကပ်မိ၏။)

'ကိုမင်းက ငွေငါးထောင်ထုတ်ပေးပြီး ပွတ်စက် အတည်ခိုင်းပါတယ်၊ တိုတိုပဲခင်ဗျာ၊ ကျွန်တော့်အလုပ်ရုံက ခေတ်အလျောက် စက်ရုံတွေမှာလိုတဲ့ ပစ္စည်းတွေကို နိုင်ငံခြားကထက် သာပြီး ဈေးသက်သက်သာသာနှင့်ရတော့ ကျွန်တော့်အလုပ်ရုံမှာ လိုအပ်သော ကိရိယာများအတွက် ပုံပြီးကျလာတာပေါ့'

'ဟ ... ဘသိန်းရယ် နင့်စကားဟာကားလွန်အားကြီးတယ်'

'အဖေ၊ ကျွန်တော်ဟာ မြန်မာလူမျိုး၊ ကမ္ဘာတွင် မြန်မာလူမျိုးဟာ လူမျိုးရင်း၊ သည်တော့တူရင် ကျွန်တော်တို့က ဉာဏ်သာပြီး ကောင်းသည်ထက် ကောင်းအောင် ကွန့်ကာလုပ်တတ်ပါတယ်။ ပြီးတော့ ကိုမင်းရဲ့ အကြံပေးအရ တိုင်းပြည်အတွက် အလုပ်လုပ်တော့ ဈေးချိုချိုနှင့် ပေးနိုင်တာပေါ့'

'အင်း ... တစ်နေ့တော့ လာကြည့်ရသေးတာပေါ့'

'ပြီးတော့ စက်ဘီး၊ မော်တော်ကား၊ မော်တော်ဘုတ် စတဲ့ အခြား

mgyoe.com

mgyoe.com


စက်ကိရိယာများနှင့် ဆိုင်တဲ့ ပြင်စရာလုပ်ငန်းများကိုပါ ဖက်တွဲလုပ်ထားတော့ ဘာပြောကောင်းမလဲ အဖေရယ် ... လုပ်ငန်းကိုသာ လာကြည့်စမ်းပါ'

'ဟ ... ခုဟာ နင်တကယ်ပြောနေတာလား'

'ဒါကြောင့် ကျွန်တော် အဖေတို့ထံ တစ်လ သုံးရာ လဆန်း တစ်ရက်နေ့တိုင်းမှာ ထောက်ပံ့နိုင်တာပေါ့ ...'

'အင်း ... ဘယ့်နှယ် မောင်မင်း ...'

'တစ်နေ့တော့ ဘာ မြင်ရမှာပါ ...'

'အိုး အဖေနှယ်၊ ဒီတ်ဆိုတဲ့ မိန်းမတွေ ဒီဂရီမယ်တွေက မျက်နှာ ချိုသွေးလာကြတာများ ...'

'ဘာသိန်း၊ နင်ဟာ တော်တော်ရမ်းတဲ့အကောင်'

'မမ၊ မမက တကယ်ဆို ငါ့မောင်ဟာ တိုင်းပြည်လူမျိုးအတွက် ပညာတတ်တဲ့အတိုင်း အလုပ်လုပ်နေလို့၊ ကတည်းက ကတဝေဒီအတိုင်း ငွေဝင်ကောင်းတယ်၊ ငွေဝင်ကောင်းတဲ့အတိုင်း ကောင်မတွေ ငါ့ကို ယောက်မတော်ချင်လိုက်ကြတာ မွေ့ပြမယ်လို့တော့ မတွေးဘဲ'

'တယ် ... ဘာသိန်း ...'

(ဖအေကြီးနှင့် အမေကြီးကား ပြုံးနေ၏။ ဘာသိန်းသည် ဤသို့ စကားဆက်ပြန်၏။)

'ဒါပေမဲ့ ကျွန်တော်က တစ်မျိုးအလင်းရောင်ကို ရထားတော့ ဟ ... ငါမိန်းမယူရော၊ သားကလေးမွေး၊ ငွေဝင်ကလည်းကောင်း၊ ဒါပေမဲ့ နားနှင့် မျက်စိက မရှိ။ သည်တော့ သားကလေး ဆယ်နှစ်ရွယ်လောက် ရှိရင်ပဲ သူတစ်ပါးရဲ့ အလှူတွေလိုက်၊ သနပ်ခါးတွေလိမ်း၊ ဇာတ်မင်းသားလို ဝတ်ထားတဲ့ ကိုရင်လောင်းတွေကို သံယာစင်ပေါ်မှာ မြင်ရတော့ အားကျ၊ အိမ်ရောက်တော့ သူများလို ရှင်ပြုချင်ပါတယ်၊ သားမောင်ရင်လောင်းကို ဘိသိက်သွန်းချင်ပါတယ်နှင့် ပူဆာ တရားနှင့် ပြောလို့လည်း

mgyoe.com

mgyoe.com


နားမျက်စိကန်းနေလို့ နားမလည်၊ အဲသည်အခါမှာ အကြီးအကျယ် ညစ်ရမှာကို တွေးပြီး လန့်နေလို့ပါခင်ဗျာ။ နို့မို့ရင် အမေမြေးထိီးကလေးကို မြင်ရပြီ'

'ခွေးကောင် ...'

'အဖေ၊ လင်က ဘယ်လိုပဲ အမြင်မှန်ရပေမဲ့၊ မယားက နားမျက်စိကန်းပြီး အမြင်မှန် မရှိရင် လင်ဟာလည်း ပကာသနတွေ ဘာတွေ၊ ညာတွေနှင့် နွားဖြစ်လာရတာပဲ'

ထိုသို့ပြောဆိုပြီးသော် ဘသိန်းနှင့် မောင်မင်းသည် ပြန်သွားကြလေ၏။

ဦးခန့်ကား သူ့သားအား ဆုံးမစကားပြောလို၍ မောင်မင်းနှင့် ခေါ်၏။ သို့သော် သူ့သား ဘသိန်း၏ စကားကိုသာ နားထောင်ရသဖြင့် အတော်ပင် အံ့အားသင့်နေ၏။

မမကြီးသည်ကား မောင်မင်းကို ဘယ်လိုလူလဲဟု သိလို၏။ သိလိုသော်လည်း မမေးမြန်းလိုက်ရ၊ မေးမြန်း၍လည်း မတော်သဖြင့် နေလိုက်ရ၏။ သို့သော် မောင်မင်းသည် ဘယ်လိုလူလဲဟု သိလိုခြင်းသည် ပြင်းပြလျက် ရှိလေသည်။

မမကြီးသည် ထိုသဘောကြောင့် နာရီပြန် နှစ်ချက်လောက်သော် မြို့၏ အစွန်အဖျားရှိ ဘသိန်း၏ အိမ်သို့သွား၏။ ဘသိန်းလည်း အိုးမှ ဆိချေးလူးသော အဝတ်တို့နှင့် အလုပ်ရုံထဲမှ ထွက်လာသည်နှင့် မမကြီးသည် အခန့်သင့် တွေ့လေ၏။

'မမအိမ်ပေါ်သွား၊ ခဏထိုင်ပါဦး။ ကျွန်တော် အဝတ်လဲလိုက်ပါဦးမယ် ...'

'ဘာလဲ မမ'

'ငါ မင့်ကို တစ်ခုမေးချင်လို့ ...'

'ဘာမေးမလို့လဲ၊ မမက ပြောနေတဲ့ဟာလား'

mgyoe.com

mgyoe.com


'နေစမ်းပါဦး'

'ဘာလဲ'

'မောင်မင်းဟာ ဘယ်သူ့သားလဲ၊ ဘာလုပ်သလဲ'

'ကိုမင်းဟာ ကျောက်ထိုးဆရာ့သား၊ နှမ်းဖတ်ချဉ်သည်'

'ငါ အကောင်းမေးတာ'

'အကောင်းပြောတာပဲ မမကလဲ၊ မမက မှန်းလို့လား၊ မမ အင်မ်အေ ပေမယ်လို့ ဓာတ်ရှင်ကြည့်များတာနှင့် မမလိုဟာကို သူ'

'တယ်–ဘာသိန်း၊ နင် ဘာစကားပြောတာလဲ'

'မမက ဘာကြောင့်မေးသလဲ'

'မမေးရဘူးလား။'

'မမေးရဘူး'

'ငါမေးလို့ ပွဲပါသွားသလားဟယ်'

'ပွဲတော့ ပါမသွားပါဘူး၊ မမလို ဓာတ်ရှင်ကားလဲတိုင်း ရောက်တဲ့ အင်မ်အေ တစ်ယောက်က သူ့ကိုမေးတော့၊ မမရဲ့ ဂုဏ်တွေဟာ ပွဲသွားမှာစိုးလို့ပါဗျာ'

'မင်းကွာ ...'

'အဟုတ် မမ၊ သူဟာ နှမ်းဖတ်ချဉ်သည်။ မယုံရင် လိုက်ပြရမလား။'

'နေပါစေကွယ်'

'မမက မမရဲ့ အသရေတွေ ပွဲမှာစိုးသည့်အတွက် နှမ်းဖတ်သည် အလုပ်ကို လိုက်မကြည့်ချင်ရင်နေလေ၊ သန်ဘက်ခါ ငါးနာရီမှာ ကျွန်တော် သဘော်ဘလိုက်ပြမယ်'

'ဘာပြမလဲ'

'မမ တွေ့ရမလေ ...'

ထိုသို့နှင့် မမကြီးသည် သူ့မောင် အလုပ်ရုံကို လခစား မဟုတ်

mgyoe.com

mgyoe.com


သဖြင့် နံ့ချာသည်ဟု ထင်သောကြောင့် တစ်ခါဖူးမျှ မရေးချေ။ ယခု မမကြီးသည် ဘသိန်း၏ အလုပ်ရုံထဲ၌ ဝင်ကာ တပျော်တပါးနှင့် အလုပ်လုပ်နေကြသော တစ္ဆေရုပ်ကဲ့သို့သော အလုပ်သမားများကို ကြည့်နေလေသည်။

ထိုအခါ တစ်ကိုယ်လုံး မည်းတူနေပြီးလျှင် မျက်နှာမှာလည်း ဆီချေးများနှင့် နေ၍ သွားသာလျှင် အထူးပေါ်လွင်နေသဖြင့် တစ္ဆေဝကြီးနှင့်တူသော လူတစ်ယောက်က 'ဗျို့ အစ်မကြီး၊ ဟိုအထဲ မဝင်နှင့်။ ထဘီနှင့် သားရေပတ်ကြိုး ငြိပါသွားပြီး အမြင်မကောင်း အဆင်မကောင်း သေနေဦးမယ်၊ မဝင်ရ ဘေးဥပဒ် ရှိသည်လို့ စာရေးထားတာ မမြင်ဘူးလား' ဟု မာန်လေ၏။

မမကြီးလည်း 'အင်း ... အာဂ ဟာတွေပါလား၊ ငါ့မောင့် အလုပ်ရုံကို အဖေနှင့် ကိုကိုတို့များ မြင်ရရင် ဘယ်လောက်ဝမ်းသာမလဲလို့' ဟု တွေးတောပြီးသော် အလုပ်ရုံးကလေးဘက်သို့ လှမ်းကြည့်လိုက်ရာ ... အလုပ်ရုံးကလေး အနား၌ စနစ်တကျ စိုက်ထားသော နှင်းဆီပင်နှင့် မဥ္ဇူသကပန်းပင်ကလေးများက လှမ်းခေါ်ဘိသည်အလား ထိုအလုပ်ရုံးကလေးထဲသို့ ရုတ်တရက် ဝင်သွား လေ၏။

'မင်္ဂလာ မမကြီး' ဟု နှုတ်ဆက်၍ မြင့်မြင့်သည် သူ့နေရာမှ ထလာပြီးသော်၊ မမကြီးကို ဆွဲခေါ်ကာ လောကွတ်ပြုပြီးလျှင် အိစက်ညက်ညောသော ဖုံခံကုလားထိုင်ပေါ်တွင် နေရာပေးပြီးလျှင် ဤသို့ ပြောနေကြလေ၏။

'စိန်စိန် ဘာကိစ္စ'

'ကျွန်မတို့ရဲ့ ကားရှင် အသစ်စက်စက်ဝယ်တာမှ တစ်လမရှိသေးပါဘူး၊ ထွေနေတာနှင့် သည်အလုပ်ရုံလာပြီး ထိုးရပါတယ်၊ အလုပ်ရုံက ငါးမိနစ်မှ မကြာဘူး၊ ဘာလုပ်လိုက်တယ် မဆိုနိုင်ဘူး မမကြီးရယ်၊ ဟော အကောင်းကလေး ဖြစ်သွားပါတယ်။

mgyoe.com

mgyoe.com


'ဒါနှင့် အဖိုးအခ ဘယ်လောက်ကျသလဲမေးတော့၊ ကိုဘသိန်း ပေါ့ ဝင်လာပြီး၊ ကိုင်းဗျာ ယူသွားပါဆိုလို့ ကျွန်မလည်း နောက်မှ ဘီလ် လုပ်တောင်းလိမ့်မယ် ထင်တာနှင့် ပြန်ယူသွားပါတယ်၊ ကားဟာလည်း သိပ်ညက်ပါတယ်'

'ဩော် ...'

'ဒါနှင့် တစ်နေ့လည်း ဘီလ်လာလိမ့်မယ်၊ တစ်နေ့လည်း ဘီလ် လာလိမ့်မယ်လို့ မျှော်နေပေတယ်လို့ မလာဘူးရှင့်၊ သည်အလုပ်ရုံမှာ မအပ်မီ အခြားနိုင်ငံခြားသားတွေ တည်ထောင်တဲ့ ကုမ္ပဏီအလုပ်ရုံ သွား မေးတော့ တစ်ထောင်ပေးရမယ်တဲ့၊ သည်ကတော့ ငါးမိနစ်မှ မကြာဘဲ ပြင်ပေးလိုက်တယ်။ ခုထက်ထိ ဘီလ်မလုပ်လို့ လိုက်လာရတယ်ရှင့်၊ ခုလည်း သူ့ကို မတွေ့ပါဘူး'

'ထွက်သွားတယ်'

'အလုပ်ရုံက အလုပ်သမားကို သွားမေးတော့ မသိဘူး၊ ဘယ် တုန်းက ပြင်တာလဲတဲ့၊ အူကြောင်ကြောင်လုပ်လွှတ်တယ်၊ ဒါနှင့် အမြင့် ထံ လာမေးတော့ စာရင်းကို မရှိဘူးလို့ ပြောပါတယ်'

'မခက်ခဲလို့ အလကားလုပ်ပေးတာနှင့် တူပါတယ်'

'ခက်ပါသော်ကော မမကြီးရယ်၊ တကယ့် ပါရဂူတွေကို ပြကြည့် တာပဲ ... ဘယ်သူမှ မတတ်နိုင်ကြဘူးရှင့်'

'ကျွန်မ သူနှင့်တွေ့တော့မှ မေးထားလိုက်ပါမယ်ရှင်၊ ကျွန်မက တော့ သဘော်ာဆိပ်ကို ထွက်သွားတယ်ထင်တာပဲ'

စိန်စိန်သည် မြင့်မြင့်နှင့် မမကြီးကို နှုတ်ဆက်၍ ပြန်သွားလေ ၏။ ယောက်ျားစာရေး တစ်ယောက်၊ မိန်းမစာရေး တစ်ယောက်တို့သည် လည်း အလုပ်လုပ်လျက် ရှိနေလေ၏။ မမကြီးသည် အလုပ်ရုံးကို အကဲ ခတ်လျက် သူ့မောင် ဘသိန်း၏ အလုပ်ရုံးဟု ဆိုသည်ကိုပင် မယုံနိုင် အောင် ရှိနေလေ၏။ ထိုကဲ့သို့ အလုပ်ရုံမျိုးကို အင်္ဂလိပ်စာ ကောင်းစွာ

mgyoe.com

mgyoe.com


တတ်သည်အတိုင်း၊ အင်္ဂလိပ်များ အမေရိကန်များမှသာ တည်ထောင်နိုင်သည်ဟု မမကြီးသည် ထင်နေလေ၏။

မမကြီးနှင့် မြင့်မြင့်လည်း ဤသို့ပြောဆိုနေလေ၏။

'ရှိင်းတယ်လို့လည်း မထင်နှင့်နော်'

'မမကြီးကလဲ'

'သည်မှာ ဘာလုပ်ရသလဲ'

'ကျွန်မက ရုံးအုပ်ရှင့်'

'အလို ... လခကော'

'လေးရာ့ငါးဆယ် ရှိပါသေးတယ်'

'နေပါဦး၊ ဘယ်လိုနှင့် သည်ကိုရောက်လာတာလဲ'

'ကျွန်မလေ ဘီအက်စီ အောက်တန်းမှာ တဖိုင်းဖိုင်းနှင့် ရှုံးနေတော့ ရက်တာနှင့် တက္ကသိုလ်ဆိုသည်ကား တက်အံ့သော လူငယ်တို့ရဲ့ အညွန့်အား ချိုးသောနေရာဟု ခေါ်သည်ဟု ကိုယ်ဖျင်းတာကိုတော့ ကိုယ်မသိဘဲ ကျောင်းက ထွက်နေပါသည်။

'ဒါနှင့် တောရွာကလေးများမှာ ကျောင်းဆရာလုပ်ရမလားလို့ ဆိုင်ရာရုံးကို သွားမေးတော့ အရာရှိကြီးအင်္ဂလိပ်၊ အမေရိကန်ကို ခေါင်းပေါ် တင်နေသူက မအားသေးလို့ အတွေ့မခံဘူး ဆိုလိုက်တယ်၊ ဒါနှင့် ရှက်ရှက်နှင့် ပြန်လာရာ ကျောက်ဖရုံယို ဆယ်ပြားဖိုး လမ်းဘေးဆိုင်မှာ ဝယ်ကာ ကုက္ကိုပင်ရိပ်မှာ ထိုင်စားနေပါတယ်'

'အင် ... မြင့်မြင့်ကလည်း ရွှတ်ရွှတ်ပဲ'

'သည်အခါမှာ လိပ်မီးလို့ပြောမှ ရှင်သတိရမယ်'

'ပြောပါဦး'

'အမှတ် ၂ ကျောင်းက မက်ထရိတ်မှာ တဖိုင်းဖိုင်းကျနေတဲ့ လိပ်မီးနှင့်တွေ့တယ်'

'ဘကြီးသူသား လိပ်မီးလား'

mgyoe.com

mgyoe.com


'ဟုတ်တယ်။ ခုတော့ သူ့နာမည်ကို မြို့က မြို့မင်းလို့ ပြင်ထားတယ်။ သူက မောင်မင်းလို့ လက်မှတ်ထိုး စာရေးတာနှင့် မောင်မင်းလို့ တွင်နေပါတယ်'

'အင်း ပြောစမ်းပါဦး'

'လိပ်မီးက ကတဲ မဦးမချွတ်နှင့်လာပြီး ခင်ဗျားမျက်နှာကလည်း နီလို့ ရည်းစားနှင့် ရန်ဖြစ်လာသလားလို့ မေးတယ်ရှင့်၊ သည်တော့ မြင့်ကလည်း စိတ်ပေါက်လာရတဲ့အထဲ၊ ရှင်ဘာပြောတာလဲ ရှင့်မျက်နှာကို ထိုးနှင့် ထိုးလိုက်ရမလား ဆိုတော့ လိပ်မီးက ခင်ဗျားတို့ အမှတ် ၁ က ထွက်ရင် သိပ်ကို ဒေါသကြီးတာပဲ၊ မဟုတ်ရင် မဟုတ်ဘူးပေါ့၊ ဟုတ်ရင်လည်း ခင်ဗျားဘက်က ကျွန်တော်ဝင်ပြီး သူ့ကို တွယ်မယ်တဲ့'

'ဩော် ... သည်လိုတော့လဲ'

'အလွတ်ကျောင်းမှာ အတူတူ စာသင်ဘက်ကိုရှင်၊ ဒါနှင့် ကျွန်မက တောက အလယ်တန်းကျောင်းမှာပဲဖြစ်ဖြစ်၊ ကျောင်းဆရာအလုပ်ကို လျှောက်ဖို့သွားရာ အရာရှိကြီးက အတွေ့မခံတာနှင့် စိတ်ပေါက်ပြီး ပြန်လာတဲ့အကြောင်း ပြောပြတော့ လိပ်မီးက ခင်ဗျား တကယ်အလုပ်လုပ်မလားတဲ့'

'အင်း ...'

'ကျွန်မကလည်း ရှင် မလျှောင်နှင့်ဆိုတော့၊ သူက အတည်တဲ့၊ ဒါပေ့ ခုတော့ အလုပ်ဝင်စမို့ လခ နှစ်ရာ့ငါးဆယ်သာ ရမတဲ့၊ နောက်တော့ လခတိုးမှာတဲ့၊ ရှင်နောက်တာလားလို့ ကျွန်မက ဆိုတော့ သူက တကယ်ပါတဲ့၊ ကျွန်မကလည်း အလုပ်ငတ်နေလို့ ဘာအလုပ်လဲရှင်၊ ဘယ်မလဲလို့ မေးရာ လိပ်မီးလေ၊ လက်ခုပ်တီးပြီး ခေါ်လိုက်ရာ ကားကလေးတစ်စီး ရောက်လာတယ်ရှင့်'

'အင်း ...'

'ဒါနှင့် ... ကိုင်းဗျာ ကားပေါ်တက်လို့ ဆိုတယ်။ ကျွန်မလည်း

mgyoe.com

mgyoe.com


ရုတ်တရက်တော့ အံ့အားသင့်နေတာထက် ကြောက်သလိုလို ရှ့်သလိုလို ဖြစ်ပြီး အမ်းနေပါတယ်၊ သည်တော့ သူကပဲ တက်ဗျာ၊ သွားရအောင် လို့ တည်တည်ပဲဆိုတော့ လိပ်မီးကဖြင့် ငါ့ကို ကားမတင်တန်ရာလို့ အောက်မေ့ကာ ကားပေါ်သို့ ကျွန်မတက်ပြီး လိုက်ပါသွားတာပေါ့၊ သူက ရှေ့ကစီးပြီး ကားမောင်းသမားကို ဘေးက ထားကာ ကားကို မောင်းသွားပါတယ်'

'အင်း ...'

'သည်လိုနှင့် အလုပ်ရုံတစ်ခုထဲ ရောက်သွားတော့ ကျွန်မကို လိပ်မီးက အလုပ်ရုံးကလေးတစ်ခုထဲ ခေါ်သွားတယ်။ ကိုဘသိန်းက အကျၤထိုင်ပြီး အလုပ်လုပ်နေပါတယ်။ သည်တော့ လိပ်မီးက၊ ငါကြော်ငြာ မထည့်ခဲ့တော့ဘူး။ အလုပ်လုပ်ဖို့ လူရခဲ့ပြီဆိုကာ ကျွန်မကို အကျၤပင် အထိုင်ခိုင်းထားတယ်ရှင့်'

'အင်း ...'

'ကိုဘသိန်းက တကယ် ခင်ဗျား အလုပ်လုပ်မှာလား မေးတော့ ကျွန်မလည်း လုပ်မှာပါလို့ ပြောလိုက်မိတာပေါ့။ သည်တော့ ကိုဘသိန်း က ခေါင်းလောင်းကလေးတစ်ခုကို နှိပ်လိုက်ပါတယ်၊ လူတစ်ယောက် ရောက်လာပြီး မတ်တတ်ရပ်နေပါတယ်။ သည်တော့ ကိုဘသိန်းက စက္ကူတစ်ခုကို ဆွဲပြီး တုတ်ချောင်းကို အချစ်တွေရေးပြီး ပေးလိုက်တယ် ရှင့်။ ခေါက်ဆွဲ၊ ကာဖီ၊ လက်ဖက်ရည်ဖန်၊ ဝက်လျှာသုတ်များလည်း အခန့်သင့် ရောက်လာတာနှင့် စကားတပြောပြောပြုကာ စားသောက် နေကြပါတယ်။ ကျွန်မကတော့ သည်စုတ်ချွန်း နှစ်ယောက်ဟာ သက် သက် ငါ့ကို လိမ့်တာပဲလို့ တွေးနေပါတယ်'

'ခဏကြာသော် လူတစ်ယောက်သည် ကိုဘသိန်းထံ စာနှစ်စောင် ယူလာပြီးလျှင် တစ်စောင်ကို ပြန်ယူသွား၍ တစ်စောင်ကို ကိုဘသိန်း လက်မှတ်ထိုးပြီးသော် ကျွန်မအား ယန္တရားအလုပ်ရုံမှာ ရုံးအုပ်တစ်လ

mgyoe.com

mgyoe.com


လျှင် လခ ၃၀ဝိ ကျပ် (ကျပ်သုံးရာ) နှင့် ခန့်ထားသော ခန့်စာကို ပေးပါသည်'

'ကိုဘသိန်းကလည်း ဤသို့ပြောပါသည်'

'ခင်ဗျား နက်ဖြန်ကစပြီး အလုပ်ဝင်ဗျာ၊ ရုံးကကားလွှတ်ပါမယ်။ ကားနှင့် ရုံးတက်ရုံးပြန်ပေါ့'

'ကျွန်မလည်း သူတို့နှစ်ယောက်ဟာ ငါ့ကို လှောင်နေတယ်လို့ပင် တွေးနေပါတယ်။ ဒါနှင့် လိပ်မီးဟာ ကျွန်မတို့ကို နှုတ်ဆက်ပြီး ပြန်ပါတယ်။ ကိုဘသိန်းကလည်း ရုံးကိုတော့ ဆယ်နာရီထိုးကစပြီး တက် နာရီပြန် တစ်ချက်မှာ ခဏဆင်း၊ နှစ်နာရီပြန်တက် လေးနာရီမှာ ဆင်းပေါ့၊ သည်က ကားလွှတ်ပါ့မယ်လို့ ပြောပြီး ကျွန်မကို ကားနှင့်ပင် ပြန်ပို့ပါတယ်'

'သြော် ... သည်လိုကိုး။ အင်္ဂလိပ်နှင့် အမေရိကန်တို့ကသာ အလုပ်ပေးနိုင်တာ မဟုတ် ဗမာကလည်း အလုပ်ပေးနိုင်တယ်နော် ...'

'လုပ်သားတွေ ကြည့်သွားရှင်၊ အလုပ်ဆင်း အလုပ်တက်မှာ ကားကြီးနှင့်ရှင့်။ သူတို့တော့ ကိုးနာရီကစပြီး အလုပ်ဝင်၊ လေးနာရီခွဲမှာ အပြီးဆင်းကြရပါတယ်။ ညအလုပ်သမားကတော့ သပ်သပ် ၆ နာရီခွဲအထိရှင့်'

'အင်း ...'

'ပြောလက်စနှင့် ကျွန်မ ပြောဦးမယ်၊ ကျွန်မလည်း အလုပ်သွားဖို့ ဝတ်ဆင်ပြီး ပြင်နေတာပေါ့ရှင်၊ ဆယ်နာရီထိုးဖို့ ငါးမိနစ်သာ လိုတော့တယ် ကားမရောက်လာတော့ ငါတော့ ချောက်မိပြီလို့ အောက်မေ့နေတုန်းမှာပင် ကားကလေး ဆိုက်လာပါတယ် ကျွန်မလည်း ပါသွားတာပေါ့လေ။

'ရုံးကျတော့ စားပွဲမှာ ကုလားထိုင်ကြီးနှင့်၊ ဘာလုပ်ရမှန်းမသိ၊ ဘာကို လုပ်ရမယ်လို့လည်း မသိ၊ ငုတ်တုတ်တုတ်နှင့် ခက်နေတာပေါ့၊

mgyoe.com

mgyoe.com



ခဏကြာတော့မှ စာရေးမလေး တစ်ယောက်လာပြီး လက်မှတ်ထိုးခိုင်းတယ်။ စာတွေကလည်း တစ်ထပ်ကြီး ဘာမှန်းလည်း မသိဘူး၊ ထိုးလွှတ်လိုက်တာပဲ'

မမကြီးကား အားရပါးရ ရယ်တော့၏။

'လာလိုက်တဲ့ လက်မှတ်ထိုးစရာတွေ၊ ခဏခဏပဲ၊ မြင့်ကလည်း ထိုးလွှတ်တာပဲ၊ တို့အမျိုးသမီးများရဲ့ အလုပ်ဟာ ထိုးစရာပဲဟုပင် အောက်မေ့မိတော့တာပဲ၊ ဒါနှင့်ပဲ နာရီပြန်တစ်ချက် ထိုးသွားရော၊ လက်မှတ်ထိုးဖို့ ရှိသေးတယ်'

'အင်း ...'

'စာရေးမကလေးက မမ နေ့လယ်စာ စားရအောင်ဆိုကာ လာခေါ်လို့ လိုက်သွားပြီး ရုံးသားတွေနှင့် ကော်ဖီသောက် မုန့်စား ပျော်ပျော်ပါးပါးပေါ့၊ ညနေ ရုံးပြန်တက်တော့လည်း ထိုးရပြန်ပြီ၊ ဟ ... ငါ့အလုပ်ဟာ ထိုးနေရတဲ့ အလုပ်ပါလားဟုပင် အောက်မေ့မိတော့ပြီ'

'အင်း ... မြင့်မြင့်ရယ် ဘာတန်းကြီးအောင်အောင် သည်လိုစတွေ့ရမှာပဲ'

'ဒါနှင့် နောက်နှစ်ရက်လောက်ရှိတော့၊ စာရေးကြီးကိုရွှေ လာတော့ ရှင်တို့ဟာကလည်း လက်မှတ်ထိုးရလှချည့် နေ့တိုင်းပဲဆိုတော့ မမ စာကို ဖတ်မကြည့်ဘူးလားလို့ စာရေးကြီးက မေးတယ်။ မြင့်မြင့်လည်း ရိုးရိုးပဲ ဟင် ... ဘာကို ဖတ်ကြည့်ရမှာလဲ ထိုးပါဆိုတဲ့ နေရာမှာ ထိုးရတာပဲ ဆိုတော့ စာရေးကြီးက ပြုံးပြီး၊ ငွေသွင်းရတာက ဘဏ်မှာ သွင်းရတာရှိတယ်၊ စာတိုက်မှာ သွင်းရတာရှိတယ်၊ ထုတ်တာလည်း သည်လိုပဲ၊ ဟိုအလုပ်ရုံတွေက အလုပ်လက်ခံရတာရှိတယ်၊ ငွေတောင်းရတာရှိတယ်၊ ငွေအကျေရတာရှိတယ်။ ရစရာရှိလို့ တောင်းရတာရှိတယ်၊ ပေးစရာရှိတာကို ပေးရတယ်။ လူထုကို စာနှင့် ဆက်ဆံရတော့ များ

mgyoe.com

mgyoe.com


တာပေါ့လို့ စာရေးကြီးက ပြောပြပါတယ်။ ဒါပေ့ ဘာမှ နားမလည်သေးဘူး'

'အင်း ...'

'နောက် တဖြည်းဖြည်းမှ စာရေးမကလေးက သင်ပေးလို့ အလုပ်ကို ကောင်းကောင်းကြီး တတ်လာပါတယ်။ တတ်လာတော့လည်း သူတို့ထက် ကျွန်မ လာဘ်မြင်လာပြီ'

'ဒါလောက်တောင်ပဲ'

'ဥပမာရှင် ကားပြင်ဖို့ အလုပ်ရုံမှာ လာအပ်ရော၊ အဲသည်က စာရေးက ကားပြင်ဖို့ အခမည်မျှနှင့် လက်ခံကြောင်း၊ စရန် မည်မျှရကြောင်းနှင့် ရောက်လာပြီ၊ ကျွန်မက လက်မှတ်ထိုး ဆိုင်ရာစာရေးထံပို့၊ သည်ကားကို လာရွေးတော့လည်း ကျွန်မထံက လက်မှတ်ရမှ ထုတ်သွားခွင့်ပြု၊ စက်တစ်ခုကလိုလို့ ကိရိယာတစ်ခုကို လာဝယ် ကျွန်မထံရောက်လာတာပဲ။ ကျွန်မရဲ့ လက်မှတ်မရဘဲ မရောင်းရ၊ ကျွန်မရဲ့ လက်မှတ်မပါဘဲနှင့် ပစ္စည်းတစ်ခုကို ထုတ်သွားရင် အပေါက်စောင့်က ဆီးဖမ်း၊ မော်တော်ဘုတ်တွေသွားပြင်၊ ဘီလ်လုပ်ပြီးတောင်း၊ ဒါလည်း ကျွန်မရဲ့ လက်မှတ်နှင့်မှ ...'

'အင်း ...'

'ခုတော့ အသားကျလို့ သိပ်မျက်စိမရှုပ်တော့ပါဘူး'

ထိုကဲ့သို့ မြင့်မြင့်နှင့် မမကြီး စကားပြောနေစဉ်မှာပင် ကြေးဝယ်ရန် ငွေချေဖို့ လက်မှတ်တစ်စောင်၊ ခဲဝယ်၍ ငွေချေဖို့ လက်မှတ်တစ်စောင်၊ ကားပြင်ခငွေ အပြေရ၍ ကားထုတ်ယူခွင့် လက်မှတ်တစ်စောင်၊ ဆီစက်တစ်လုံးကို သွားပြင်သည့်အတွက် ငွေတောင်းသော ဘီလ်တစ်စောင်၊ ကူလီများကို ငွေပေးဖို့ လက်မှတ်တစ်စောင်၊ စာတိုက်မှာ ငွေထုတ်ဖို့ လက်မှတ်တစ်စောင်၊ ဘဏ်မှာ ငွေသွင်းသည့် လက်မှတ်

mgyoe.com

mgyoe.com


တစ်စောင်၊ ခွင့်စာ သုံးစောင်တို့ကို လက်မှတ်ထိုးရသည်ကို မမကြီးသည် မြင်သွားရလေ၏။

မမကြီးသည်လည်း ရှေ့သို့ဆက်၍ မမေးတော့ဘဲ ပြန်လာခဲ့လေ၏။

မမကြီးကို အလုပ်ဌာနမှ ကားနှင့် လိုက်ပို့လိုက်သဖြင့် မမကြီးသည် သူ့မောင် ဘသိန်းကို အလကားလူ လူပေါ်အူကြောင်ကြောင်ဟု ထားလာခဲ့ရာ၊ ယခု ဘသိန်း၏ ပြောသောစကားများကို ကြားရသည်ပြင် ၎င်းတီထွင်ထားသော အလုပ်များကိုလည်း တစ်စိတ်တစ်ပိုင်း မြင်ခဲ့ရသဖြင့် ဘသိန်းကို အထင်ကြီးလာခြင်း ဖြစ်လာ၏။

၎င်းသည် ကားပေါ်၌ သူ့မောင် ဘသိန်းကို မြင့်မြင့်နှင့် အလွန်သဘောတူလာ၏။ မြင့်မြင့်သည် ကျောင်းသားဘဝကစ၍ မမကြီး ခင်ခင်တို့နှင့် သူငယ်ချင်းဖြစ်ခဲ့၍ တက္ကသိုလ်မှာလည်း အတူတူပင် နေခဲ့ကြ၏။ ထို့ကြောင့် မြင့်မြင့်၏ လှပုံနှင့် တည်ပုံကို မမကြီးသည် ကောင်းစွာ သိခဲ့၏။ မြင့်မြင့်သည် ဘီအက်စီအောက်တန်းမှာ တဖုန်းဖုန်း ရှုံးခဲ့ရခြင်းအတွက်လည်း မမကြီးသည် မြင့်မြင့်၏ဘက်သို့ မျက်နှာလိုက်ပြီးလျှင် မတော်တရော် ထင်မိခဲ့၏။ ဘယ်လိုထင်သည်ဟုကား ထုတ်ဖော်၍ မရေးသင့်၊ တက္ကသိုလ်မောင် တစ်ယောက် လူလည်း ဖြစ်ခဲ့ပါသော်ကား မမကြီးသည် ဘယ်လိုထင်မည်ဟု ကြံဆတတ်ကောင်းပေလိမ့်မည်။

မမကြီးသည် သူတွေ့ခဲ့ရသော ဘသိန်း၏ အလုပ်ရုံအကြောင်းကို သူ့အဖေအား ပြောပြ၏။ ထို့ကြောင့် နောက်တစ်နေ့တွင် ဦးခန့်သည် ဘသိန်း၏ အလုပ်ရုံသို့ ကားမှာပြီးသော် သွားရောက်ကြည့်၏။ ထိုအခါ၌ ဘသိန်းသည် အလုပ်ရုံတွင် မရှိပေ။ ဆန်စက်တစ်လုံးကို သွားရောက်ပြင်ပေးနေ၏။ ထို့ကြောင့် မြင့်မြင့်သည် ဦးခန့်ကို အလုပ်ရုံများ၌ လှည့်လည်ကာ ပြ၏။

mgyoe.com

mgyoe.com


ဦးခန့်သည်လည်း တကယ့် အဘိုးကြီးဖြစ်၍ နတ်သားနတ်သမီးများ အလုပ်လုပ်နေသောဌာနမှ သူခိုးများ၊ အနုကြမ်းများ ထွက်ပေါ်လာသော်လည်း တစ္ဆေလိုလူများ အလုပ်လုပ်သော စက်ရုံသည်ကား တိုင်းပြည်လူမျိုး၏ အကျိုးကို ကောင်းစွာ ဆောင်နိုင်ပေသတတ်ဟု ထင်မြင်နေလေ၏။

မြင့်မြင့်သည် ဦးခန့်အား နေ့လယ်စာ ဖက်ထုပ်၊ ကော်ဖီ၊ လက်ဖက်ရည်ကြမ်းနှင့် ဘဲကင်ကို မိမိ၏ အလုပ်ခန်း၌ပင် တရိုတသေပြုကာ ညှော်ခံနေလေ၏။

ထိုခဏ၌ ဘသိန်းသည် တစ်ကိုယ်လုံး ဆီချေး၊ အိုးမည်းလူးသော ကိုယ်နှင့် ရုံးခန်းထဲသို့ ဝင်လာလေ၏။ ဤသို့လည်း ပြုံး၍ပြောလေ၏။

'မနေ့က မမလာတယ်၊ ကနေ့ အဖေလာတယ်၊ ဖျားများကုန်ပါ့မယ်'

'ဟ ... ဘာကြောင့်လဲ'

'အဖေတို့က နတ်သမီး နတ်သားတွေလို ဝိပဿနာသမားတွေကိုသာ မြင်ဖူးတာ၊ ကျွန်တော်တို့ ယန္တရားအလုပ်ရုံမှာတော့ တစ္ဆေတွေကို မြင်ရလို့ လန့်ပြီး ဖျားနေမှာစိုးလို့ပါ'

'ခွေးကောင်'

'ဒါပေ့လေ၊ အဖေ မမြင်ဖူးဘဲ ပန်းချီဆရာကပြောတဲ့ သုဇိတာလောက်နီးနီး မမြင့်မြင့်က ညှော်ခံလို့ တော်ပါသေးရဲ့'

'သည်အကောင်ဟာ အတော်ခက်တဲ့အကောင် ... မင်းတွေ့ကရာ စွတ်ပြောတာပဲ'

'ဘာပြောလို့လဲ အဖေ'

'ပန်းချီဆရာကပြောတဲ့ သုဇိတာရယ်လို့'

'ဒါဖြင့် အဖေ သုဇိတာကို မြင်ဖူးသလား။ ပန်းချီအနုပညာဆရာက ရေးပြတာကိုသာ မြင်ဖူးတယ် မဟုတ်လား'

mgyoe.com

mgyoe.com


'ကိုင်း ... ကိုင်း ... မင်း အသာနေစမ်း'

ထိုခဏ၌ လူနှစ်ယောက်သည် ဝင်လာ၏။

'မင်းတို့ ဟိုစက်ရုံ ရောက်ခဲ့ပလား'

'ဟုတ်ကဲ့'

'ဘယ့်နှယ်'

'အလကားဆရာ၊ အဖိုချင်း ပေးစားလို့ ဘယ်မှာမီးထွက်မလဲ'

'အင်း ကွယ်သူတို့ရဲ့ အင်ဂျင်နီယာကြီးက နိုင်ငံခြားပြန်ကွ'

'ဘာကပြန်ပြန် ဆရာ'

'ကိုင်း ပြောစမ်းပါဦး'

'ကျွန်တော်တို့က မြင်ရင်ပဲသိပြီ။ သည်တော့ ပိန်သေးက၊ ခင်ဗျား တို့အားလုံး ပြင်ဘက်ထွက်ကြ၊ မတော် ဖုန်းဒိုင်းဆို ကိုးရိုးကားရား ဖြစ် ကုန်ရင် ထိခိုက်ကုန်မယ်လို့ ခြောက်လိုက်တော့ သူတို့ စက်ခန်းရဲ့ ပြင် ဘက် ထွက်သွားကြပါတယ်'

'အင်း ...'

'သည်တော့ ကျွန်တော်က ပင်မရင်းခလုတ်ကို လှည့်ပြီးတပ် တာပေါ့၊ သည်တော့ အဖိုနှင့် အမ ညားနိုင်တာပေါ့'

'ကိုင်း ပြီးပြီဗျို့ လာကြဆိုတော့ သူတို့ရဲ့ အင်ဂျင်နီယာကြီးရော ဝင်လာကြတယ်။ သည်တော့ ပိန်သေးက၊ ကိုင်းဗျာ စက်ကို ဖွင့်တော့ ဆိုလို့ ဖွင့်လိုက်ရာ၊ အို ... ဘာပြောကောင်းမလဲ၊ စက်က ပထမတန်း စက်ကြီးပါကပဲ ညက်ညက်ညောညောနှင့် လည်တာပေါ့ ...'

'အင်း ...'

'သူတို့ ဘာမှမသိဘူး၊ ဆယ်ရက်လုံးလုံး ဟိုနှိုက်သည်နှိုက်နှင့် နှိုက်နေပေမယ့် ကျွန်တော်တို့ တစ်စက္ကန့်နှင့် ပြီးခဲ့ပါတယ်'

'အင်း ...'

mgyoe.com

mgyoe.com


'မမမြင့် ငွေတစ်ထောင်ဘီလ် တောင်းပါ'

'ကိုဘသိန်းကို ပြောခဲ့'

'တကယ့်လူစု၊ သည်လိုမလုပ်ရဘူး၊ ငါးပြားဘီလ်လုပ်ပြီး တောင်းရမယ်'

'ဆရာ့နှယ် ...'

'ဟ မင်းတို့က မသိတာ၊ တို့အလုပ်ရုံက ငါးပြားဘီလ် လုပ်ပြီး တောင်းရင် တို့ငါးပြားတန် အလုပ်ကိုတောင် မလုပ်တတ်သေးပါလားလို့ မင်းတို့အပေါ်မှာ ကြွားတာတွေဟာ လျော့သွားမယ် ...'

ထိုသူနှစ်ယောက်သည် ရုံးခန်းထဲက ထွက်သွားကြ၍ လူသုံးယောက်သည် ဝင်လာပြန်၏။

'ဘယ့်နှယ် ကိုပုစို'

'ကောင်းကောင်း ဆီထွက်ပါပြီ၊ ကတဲတတ်လေယောင်ကန်းနှင့် လုပ်ထားလို့ အတော်ပြင်ခဲ့ရတယ်'

'အဲဒါ အဖေ့မိတ်ဆွေ ဝိပဿနာသမားကြီး ဦးဆိုင်ရဲ့ ဆီစက်ပဲ၊ သူ့သမီးနွဲ့နွဲ့ မချောဘူးလားကွယ့်၊ ပယင်းပုတီးကလေး ကိုင်လို့'

'ဟာ အလကားဆရာ'

'မင်းတို့ကို ဘာနှင့် လက်ဖက်ရည်တိုက်သလဲ'

'ဆရာ လက်ဖက်ရည်ကြမ်းနှင့် ပဲလှော်ကြော်နှင့်ပါ'

'ဒါကြောင့် မင်းတို့ နွဲ့နွဲ့ကို မချောမလှတာကိုးကွယ့်'

'ဒါပေါ့ ဆရာ'

'ရှင်တို့ ကျွန်မရဲ့အိမ် တစ်ခါလာရင် ပဲကြီးလှော် ဆီမဆမ်းပဲနှင့် လက်ဖက်ရည်တိုက်မယ်'

'မမမြင့်ကတော့ ဘာနှင့်တိုက်တိုက်ပါ။ ကျွန်တော်တို့ရဲ့ မမပဲ၊ ကတဲခင်ဗျာ ပြောလိုက်တဲ့ ဝိပဿနာစကား၊ ရွှတ်သရဖူတွေရော ဘာ

mgyoe.com

mgyoe.com



ရောစုံလို့၊ ပဲချလာတဲ့ လူတွေကိုတော့ ပိုက်ဆံ ပြားငါးဆယ်ကစပြီး ဆစ်နေတယ်။ နွဲ့နွဲ့က သာဆိုး'

'ပြောစမ်းပါဦး'

'လှည်းသမားတွေ ရေသောက်ဖို့လုပ်တော့ ငွေဖလားကို အမှတ်မဲ့ သိမ်းထားလိုက်ပြီး ပိန်ရှုံ့နေတဲ့ ဒန်ဖလားကို သောက်ရေအိုးမှာ တင်ထားတယ်ခင်ဗျာ။ ဒါဟာ ပုတီးမယ်တဲ့၊ ဒါကြောင့်ကို သူ့အား မချော မလှချင်တာ၊ ဆရာသွားများ မလှချေနှင့် ...'

ရယ်ကြ၏။

'ဟော့ ... ပုတို'

'ဘ ...'

'မင်းက ငါ့ထံလာပြီး ကြွားသွားတယ်'

'ဘ၊ ဘာပါလိမ့်မယ်'

'မင်းက သီချင်းဆိုတတ်တဲ့ စက်ကလေးကို ပြမယ်ဆို ...'

'ဟုတ်ပါတယ် ဘ၊ ပြီးနေပါပြီ။ ကျွန်တော်မေ့နေလို့. အားတဲ့ နေ့မှာ ယူခဲ့ပါမယ်၊ အဲဒီစက်က သံပတ်ပေးလိုက်ရင် သီချင်းသုံးပုဒ် ဆိုပြပါမယ်'

'အေးပါကွယ်၊ တွေ့ရတော့သိမှာပဲ'

× × ×

ဦးခန့်သည် ၎င်း၏သား ဘသိန်းကို ယခုငါ့သားဟု သားချင် လာလေတော့ပြီ။ ၎င်းသည် မြင့်မြင့်ကိုလည်း အလွန်သဘောကျနေလေ ၏။

မြင့်မြင့်ကို ယန္တရားအလုပ်ရုံကြီးမှ အလုပ်သမားတို့သည် အလွန် ချစ်ခင်ကြသည်ဟု သိသည်ပြင် ထိုအလုပ်ရုံကြီးကို မြင့်မြင့်သည် အုပ်

mgyoe.com

mgyoe.com


စီးကာ စည်းထားကြောင်းကိုလည်း ထင်မြင်လာလေ၏။ မြင့်မြင့်၏ တည်၍ ကြည်သောမျက်နှာနှင့် ကိုယ်လုံးကိုယ်ပေါက် အဆစ်အပိုင်းတို့ သည်လည်း ဦးခန့်ကို ချွေးမတော်ချင်လောက်အောင် ဖန်တီးနေသကဲ့ သို့ ရှိသည်ပြင်၊ ဦးခန့်၏ ရှေ့၌ နားချိန်တွင် အလုပ်သမားတို့အား ရှင် တို့ရဲ့ အလုပ်ရုံကြီးဟာ ရှင်တို့အတွက်ပဲ၊ အကြောင်းရှိသမျှကို ပွင့်လင်း စွာ အသုံးပြုကြပါဟု ပြုံးပြုံးကလေးနှင့် ပြောကာ အလုပ်သမားများ နှင့်အတူ လက်ဖက်ရည်သောက်နေရာ၊ အလုပ်သမားကလေး တစ်ယောက် က မမမြင့် ကျွန်တော်တို့ အလုပ်ရုံကြီးဟာ တိုင်းပြည်လူမျိုးအတွက်ပါ၊ အနစ်အနာခံစရာရှိရင် ကျွန်တော်တို့ ခံမှာပေါ့ဟု ဆိုသည်ကို ဦးခန့် သည် အလွန်သဘောကျ၏။

ထိုနောက် 'ဟာ ဟုတ်ရိုးလားမောင်။ အနစ်အနာခံစရာရှိရင် ခံဖို့ ဘဏ်မှာ ငွေသုံးသိန်း အသင့်အပိုရဲ့ ထားတယ်' ဟု မြင့်မြင့်က ပြောပြသည်ကို ဝိပဿနာ လိုက်စားနေသော ဦးခန့်သည် အထူးကျေနပ် ကာ ရှိနေလေ၏။

ဝိပဿနာသည် လောကီရေး၊ တိုင်းပြည်လူမျိုး ကောင်းစားရေး မှာလည်း အတော်ပင် အသုံးဝင်ပါသည်တကားဟု မြင့်မြင့်သည် ၎င်း ၏ အလုပ်သမားလောက၌ ဝိမုတ္တိခေတ်ကို တီထွင်နေသည်ဟု အထူး ပင် နှစ်သက်ကာ ရှိနေလေ၏။

ထိုသို့နှင့် နောက်တစ်နေ့ ညနေသော် မမကြီးနှင့် ခင်ခင်သည် မမကြီးတို့ အိမ်ဧည့်ခန်း၌ ဤသို့ ပြောဆိုနေကြလေ၏။

'ခင်ရဲ့၊ မောင်မင်းဟာ လိပ်မီးတဲ့'

'ငယ်ရုပ်နှင့် မတူတော့ ပုံကို အတော် ဖမ်းရတယ်၊ ဒါကြောင့် ကျွန်မတို့ မသိတာ၊ သူ ဘာသာရေးသဘောမှာ အတော် အခြေခံရနေ ပါပြီ'

mgyoe.com

'သူကပဲ ဘသိန်းကို အလုပ်စတင်ပြီး တည်ထောင်ပေးတယ်လို့ ဘသိန်းက ပြောပြတယ်'

'ရှင့်မောင်စကားကိုလည်း အတော်စဉ်းစားရမယ်'

'စဉ်းစားပါတယ်၊ မောင်မင်း ဘာလုပ်သလဲမေးတော့ နှမ်းဖတ်ချဉ်သည်တဲ့'

'အဲဒါကိုပဲ စဉ်းစားတော့ရှင်၊ နှမ်းဖတ်ချဉ်သည်ဟာ သူ့ကို အလုပ်ရုံ တည်ထောင်ပေးနိုင်ပါ့မလားရှင် ...'

မမကြီးနှင့် ခင်ခင်သည်ကား ခေတ်ပညာတတ် အမျိုးသမီးနှစ်ယောက် ဖြစ်၏။ ၎င်းတို့သည် ခေတ်အလျောက် စာပေသင်ကြားခြင်း၊ တက္ကသိုလ်၌ စာပေသင်ကြားခြင်းတို့သည် လခကြီးစားအဖြစ်နှင့် အလုပ်ရရန် သင်ကြားသည်ဟု ထင်မှတ်ပုံရှိလေသည်။ နိုင်ငံတော်ကို မည်ကဲ့သို့သော သူတို့သည် မိမိ၏အင်အား ဉာဏ်အချိုးအစားနှင့်အညီ တည်ထောင်၍ ခေတ်အလျောက် စာပေပညာတတ်များသည် ထိုအလုပ်ရုံများ၌ မိမိတို့၏ စာမေးပွဲ အောင်လက်မှတ်နှင့်အညီ အလုပ်လုပ်ကိုင်ကြရသည်ကို မမကြီးသည် လည်းကောင်း စဉ်းစားမိဟန် မတူချေ။

မမကြီးနှင့် ခင်ခင်သည် ထိုသို့ပြောဆိုနေစဉ် ဘသိန်းသည် သူ၏ကားကလေးနှင့် ရောက်လာ၍ မမကြီးနှင့် ခင်ခင်ကို သင်္ဘောဆိပ်သို့ ခေါ်ဆောင်သွားလေသည်။

ဘသိန်းသည် သင်္ဘောဆိပ်သို့ ရောက်ကာလ သင်္ဘောပေါ်၌ တင်ထားသော အိုးတစ်ရာခန့်ကို ပြလေသည်။ ဒါဟာ ဘာအိုးတွေ ထင်သလဲဟု မေးလေရာ မမကြီးနှင့် ခင်ခင်သည် ငေးစိုက်ကာ တွေ၍ နေလေ၏။ ဘသိန်းလည်း ဤသို့ ပြောပြလေ၏။

'အဲဒါဟာ နှမ်းဖတ်ချဉ်အိုးတွေဗျ'

'ဪ ... ဪ ...'

mgyoe.com

mgyoe.com


'သင်္ဘောစုံတဲ့ နေ့တိုင်းမှာ သည်ထက်မနည်းတဲ့ နှမ်းဖတ်ချဉ် အိုးတွေ ပါသွားတယ်ဗျာ၊ တစ်လ ဘယ်လောက် နှမ်းဖတ်ချဉ်ကို လူများ သုံးတယ်ဆိုတာကို မမတို့ စဉ်းစားကြပေတော့။ မီးရထားလမ်း၊ ကား လမ်းများကလည်း ဘယ်လောက် နှမ်းဖတ်ချဉ်ကို သုံးမယ်ဆိုတာ စဉ်း စားစရာပါ။ ပြီးတော့လည်း နှမ်းဖတ်ချဉ်ဟာ သွေးအားကောင်းတဲ့ အစာ တစ်ခုဗျ၊ အသားအရေကို တိုးပွားစေတတ်ပါတယ်'

'အင်း ... အင်း ...'

'ဟော သည်သေတ္တာတွေ မြင်သလားဗျာ၊ သင်္ဘောတင်တာ'

'မြင်ပါတယ်'

'ဒါတွေဟာ ဘာတွေလဲလို့ သိသလား'

'ဘသိန်းရယ်၊ ဘယ်မှာသိမှာလဲ'

'ကျောက်ဖရုံယိုတင်တဲ့ သေတ္တာတွေဗျ'

'များလှပါကလား'

'ဒါဟာ သင်္ဘောပတ်တိုင်းလောက်ပဲ၊ တခြား မီးရထားနှင့် ဘတ်(စ်)ကားကြီးတွေနှင့်လည်း နေ့စဉ်လောက်ပင် တင်နေရတယ်'

'ဩော် ... သိပ်ကိုဉာဏ်မြင်တယ်နော်'

'မက်ထရစ် စာမေးပွဲရှုံးတဲ့ လူ့ဉာဏ် ...'

'မင်း ပြောတော့မယ်'

'မမတို့ မြင်ပြီမဟုတ်လား'

ထိုသို့လျှင် ဘသိန်းသည် သူ့အစ်မ မမကြီးနှင့် ခင်ခင်ကို ပြသ ပြီးနောက် ပြန်သွားရာ၊ လမ်းတွင် စတိုးတစ်ခုသို့ ဝင်၍ စောင်းလျားသီး သနပ်ဘူး တစ်ခုစီဝယ်၍ သူ၏အစ်မနှင့် ခင်ခင်အား လက်ဆောင်သဘော နှင့် ပေးလေ၏။ ၎င်းစောင်းလျားသီးသနပ်ဘူး သို့မဟုတ် ဆီစိမ်စောင်း လျားသီးမှာ အလွန်လှပသော ဘူးကလေးဖြစ်၍ မြင်သော် မက်စဖွယ်

mgyoe.com

mgyoe.com

ဖြစ်နေ၏။ ၎င်းသည် မြန်မာပြည် လိပ်မီးအလုပ်ရုံမှ လုပ်သောဘူး ဖြစ်လေ၏။ ၎င်းကို ဘသိန်းသည် တစ်စုံတစ်ရာမျှ မပြောချေ။

ဘသိန်းသည် ဤနည်းဖြင့် ၎င်း၏ အစ်မနှင့် ခင်ခင်ကို အိမ်တိုင်ရာရောက် လိုက်ပို့ပြီးသော် ပြန်လေ၏။

× × ×

mgyoe.com

mgyoe.com

# အခန်း ၂

မမကြီးသည်ကား မောင်မင်းကို ဘာသာရေး၌ အသိဉာဏ်နက်သူဟု ကား ယူဆဟန်ရှိ၏။ သို့သော် စီးပွားရေးအတွက်ကိုကား ဘသိန်းပြော စကားကို မစဉ်းစားသာ ဖြစ်၏။ မမကြီး၏ ခေတ်အလျောက် စာပေ ပညာသင်ကြားမှုသည် လခစားလုပ်ရန်အတွက် သင်ရသည် ဟူသော အယူကို မစွန့်ဟန် လက္ခဏာရှိနေ၍၊ ခေတ်အလျောက် မက်ထရစ်နှင့် တက္ကသိုလ်တွင် စာမေးပွဲများစွာ ရှုံးသည်ကိုပင် ကောင်းသော၊ တိုးတက် သော ပညာရေးစနစ်ဟု ယူဆသလို ရှိဟန်တူပေသည်။ အဘယ်ကြောင့် ဆိုသော် စာမေးပွဲများစွာ အောင်မြင်သူများအား အလုပ်မပေးနိုင်မည်ကို တွေးဆခြင်းကြောင့် ဖြစ်ချေသည်။ သို့သော် သူ၏မောင် ဘသိန်းသည် စက်ဆင်ခြင်းအတတ်ကို ဒီဂရီယူပြီးသော် ကျောင်းမှ လာခဲ့ပါလျက် လခစား မလုပ်သည်ကိုကား စဉ်းစားဟန်မတူသည့်ပြင်၊ ဘသိန်းမှာ ဘယ်က အရင်းအနှီးရသည်ကိုလည်း သိပုံမရချေ။ ဘသိန်း၏ ပြော စကားကိုလည်း မမကြီးသည် ယုံကြည်ဟန်မတူချေ။

ထိုသို့ဖြစ်နေလင့်ကစား မမကြီးနှင့် ခင်ခင်သည် မောင်မင်းအား ငယ်ငယ်က လိပ်မိး ဆိုသော သူတစ်ယောက်ဖြစ်ကြောင်းကို သိလာကြ ရ၍ သူငယ်ချင်းအဖြစ်နှင့် ဆက်ဆံကာ ရှိကြလေပြီ။

တစ်နေ့သော် ခင်ခင်၏ အစ်ကို အရာရှိကြီး တစ်ယောက်သည် ခွင့်ယူကာ ရောက်လာ၍ ထိုမြို့က အရာရှိကြီးမှာ မောင်မယ်တို့ကို ဖိတ်

mgyoe.com

mgyoe.com


ပြီးလျှင် ညစာစားပွဲကျွေး၏။ ၎င်းတွင် ဘသိန်းနှင့် မောင်မင်းလည်း ပါ၏။

ထိုညစာ စားပွဲစားရန် အချိန်ကျလုနီးသော် မောင်မင်းမှတစ်ပါး လူများစုံညီ ရောက်လာကုန်၏။ ခင်ခင်၏ အစ်ကို ဦးတင်ဦးကား လိပ်မီး တစ်ယောက်တော့ လာမည်မထင်၊ နေနှင့်ဦး နက်ဖြန်မှ သူ့အိမ်သို့ သွား၍ အကြီးအကျယ် စကားချင့်ထိုးလိုက်မည်ဟု ကြံစည်ထားလေ၏။ သို့ရာတွင် မောင်မင်းကား ဖိတ်ထားသော အချိန်တည့်တည့်၌ ရောက်လာသဖြင့် ဦးတင်ဦးသည် အတော်ဝမ်းသာသွား၏။

ထိုသဘောကို ခင်ခင်များ သိချေသော်၊ သူ့အစ်ကိုကို အကြီးအကျယ် ရှုတ်ချတန်ကောင်း၏။ ဦးတင်ဦးသည် မောင်မင်း အမည်တွင်နေသည့် လိပ်မီးကို အဘယ်ကြောင့် ဤမျှလောက် တမ်းစွဲနေဘိသနည်း။ စဉ်းစားစရာ ဖြစ်ချေသည်။ မောင်မင်းသည် ဘယ်လိုလူလဲ၊ မောင်မင်းသည် ဥပမိရုပ်ကောင်းစေကာမူ ဝတ်ပုံဆင်ပုံမှာကား အတော့်ကို အချိုးမကျသောသူ ဖြစ်၏။ တမင်သက်သက် ထိုကဲ့သို့ ဝတ်ဆင်သည်ဟုလည်း ထင်ဖွယ်ဖြစ်၏။ မောင်မင်း ခေါင်းပေါင်းသည်ကို မြင်ဖူးသောသူ ရှိပါက ဆုငွေပင် ရထိုက်သူ ဖြစ်ရပေလိမ့်မည်။ မောင်မင်းလည်း သို့ကလို လူပင်ဖြစ်ချေသည်။

မောင်မင်းကိုကား ထိုမြို့က အရာရှိကြီးအားလုံးတို့သည် ခင်မင်ကြ၍ အားထားကြပုံလည်းရှိ၏။ အစိုးရကိစ္စတစ်ခုနှင့် ပတ်သက်၍ မြို့နှင့်နယ်မှ ငွေကြေး အကုန်အကျခံကာ ခေတ်အလျောက် ဆောင်ရွက်ဖွယ်ရှိချေသော် မောင်မင်းသည် မဏ္ဍပ်တိုင်မတက်ဘဲ တာဝန်ယူသော ကြောင့်ဖြစ်၏။

၎င်းသည် မည်သည့်ပါတီက လူတစ်ယောက်မှမဟုတ် သို့သော် လက်ရှိအစိုးရသည် ပြည်ထောင်စုအစိုးရဟု အသိအမှတ်ပြုကာ လမ်းသွားသော သူတစ်ယောက် ဖြစ်လေသည်။

mgyoe.com

mgyoe.com


ငင်းတို့သည် ညစာစားပြီး၍ လက်ဖက်ရည် သောက်နေကြရင်း စကားပြောနေကြသောအခါ တိုင်းပြည်၌ ဓားပြသူခိုး လူဆိုးထူထပ်သော အကြောင်းသို့ ရောက်သွား၍ အမျိုးမျိုးပြောဆိုကာ ဝေဖန်လေ၏။

ထိုအခါ လိပ်မီးနှင့် သူငယ်ချင်း ဆဲမနာ ဆိုမနာ ဖြစ်ခဲ့ဖူးသော အရာရှိကြီး တစ်ယောက်က၊ ကိုင်း ကိုလိပ်မီး ဆိုစမ်းဗျာဟုဆို၏။ မောင်မင်းလည်း ပြုံး၍ ခေါင်းခါနေ၏။ ထိုအခါ အများကပင် ဆိုစမ်းပါဟု တစ်ယောက်တစ်ခွန်း ဆိုကြသဖြင့် မောင်မင်းသည် ဤသို့ဆိုလေ၏။

'နာချင်ရင်တော့ နာကြဗျာ'

'ဆိုပါ ...'

စေတီပုထိုး ရုပ်တုတော်များနှင့် စပ်ဆိုင်သည့် ပစ္စည်းဥစ္စာကို ခိုးသောသူခိုး၊ အနကြမ်းပြု၍ အနကြမ်းတိုက်သော တန္တ၊ ဓားပြတို့သည် ရှိကြ၏။ ထို့နည်းလည်းကောင်း ပြည်သူ့ငွေနှင့် စပ်ဆိုင်သည်တို့ကို ပြုမူသူတို့လည်း ရှိကြ၏။ ထိုနည်းတူ လူတစ်ဦးတစ်ယောက်အပေါ်၌ ပြုမူကျင့်ကြံနေသူလည်းရှိ၏။ အဂတိတရား လေးပါးကို လိုက်စားသော သူသည်လည်း သူခိုး၊ အနကြမ်း၊ ဓားပြ ဖြစ်၏။ နိုင်ငံတော်ဥပဒေနှင့် အစိုးရ၏ အမိန့်ကို မနာခံသောသူသည် အဆိုးဆုံးသောသူ ဖြစ်၏။

ထိုအခါ သော်သော်၏ အစ်ကိုသည်လည်း ခွင့်ယူလာသော အရေးပိုင်တစ်ယောက်ဖြစ်၍ ထိုထမင်းစားပွဲတွင် ပါသည်အတိုင်း ဤသို့လျှင် အားရပါးရနှင့် ဆိုလေ၏။

'မောင်လိပ်မီး ကြဲလှချည်လား'

'သည်လိုပါခင်ဗျာ၊ ကျွန်တော်က သဘောကို ဆောင်တာပါ၊ သို့သော် ယခုခေတ်တွင် ဘယ်မှာ ဘယ်တိုင်းပြည်မှာ ဘယ်သူတွေလို့ မဆိုပါ။ ဟိုရှေးရှေးက ပန်းတိမ်းပြည်ကြီးမှာ သူခိုးက သူခိုးကို ဖမ်း၍၊ သူခိုးက တရားစီရင်တော့သည်။ အနကြမ်းကို အနကြမ်းက ဖမ်း၍၊ အနကြမ်းက တရားစီရင်တော့သည်။ ဓားပြကို ဓားပြက ဖမ်း၍၊ ဓားပြ

mgyoe.com

mgyoe.com


က တရားစီရင်တော့သည်။ လာဘ်တံစိုးနှင့် အဂတိလိုက်စားသူက ပြောင်မြောက်၍ စီရင်ဆုံးဖြတ်နေတော့သည်။ နိုင်ငံတော် ဥပဒေကို မလေးစားဘဲ၊ အစိုးရ၏အမိန့်ကို ဆန့်ကျင်ဘက်ပြုသူက ဖိစီးနှိပ်ကွပ်ကာ အစိုးတရ အာဏာပိုင် ပြုလုပ်လေတော့သည်။ ထိုပြည်သည် ဘယ်လို နေမလဲ'

'အင်း ... အင်း ... အင်း'

ထိုသဘောကြောင့် ပန်းတိမ်းရွှေပြည်ကြီးသည် မြို့ဆိုးကုန်းကြီး ဖြစ်ခဲ့ဖူးလေသည်။

'အင်း ... အင်း ... အင်း'

'လူရေခြုံနေသော သူတို့သည်၊ ဝါ လူရေခြုံနေသောသူ ဟူသမျှတို့သည် ထိုနည်းသဘောသာ နောက်ဆုံးသို့ သက်ရောက်တတ်၍ လူရေခြုံနေသော သူတို့ကြောင့် လောကကြီးကို ထိခိုက်လာတတ်လေသည်'

'ကိုမင်းရယ်၊ လူရေခြုံ ဆိုတဲ့ သဘောကို ပြောစမ်းပါဦး'

'ကျယ်ပြန့်လှပါတယ် ခင်ဗျာ'

'အကျဉ်းချုပ်ပေါ့ ...'

'ကိုယ့်စီးပွားရေးနှင့် ကိုယ်ကောင်း၊ ကိုယ့်အကျိုးငှာသာ လိုလား၍ ကျင့်ကြံနေသူ ဟူသမျှသည် တဖြည်းဖြည်း လူရေခြုံဘဝသို့ သက်ဆင်း ကျရောက်သွားတတ်ချေသည်'

'ဒါကြောင့် မောင့်ကို မြို့မင်းလို့ ဘွဲ့တပ်လာတာပဲ'

'ကျွန်တော့်ကို ဘွဲ့တပ်မယ်သာ ဘွဲ့တပ်တာပါ ခင်ဗျာ၊ ကျွန်တော် အေးအေးနေတဲ့လူပါ'

'အေးအေးနေလို့သာ မောင်ရယ်၊ သားသည်မိခင်များ စောင့်ရှောက်ရေးအသင်း စည်းဝေးတော့ မောင်က ကလေးဆေးရုံ ဆောက်ပေးမယ်လို့ အာမခံတဲ့အပြင် လာမယ့်နှစ်အတွက် ငွေ (၆၀၀) ခြောက်ရာ

mgyoe.com

mgyoe.com


ကျုပ် ထည့်မယ်ဆိုတော့ ကျုပ်တို့မှာ ခက်ကုန်တာပေါ့။ ပြီးတော့လည်း အားကစားအတွက် စည်းဝေးတော့ တစ်ခါက်မှ ဘောလုံးပွဲသို့ မရောက်တဲ့ မောင်က ငွေတစ်ထောင် ပစ်ထည့်သွားတော့ ကျုပ်တို့မှာ ဝရချီး လည်ကုန်တာပေါ့၊ သည်တော့ မောင့်အေးအေးက တော်တော်ကို လန့်စရာကောင်းတဲ့ အေးအေး ...”

(အားလုံး ရယ်ကြလေ၏။)

ဧည့်သည်တို့သည် အသီးအသီး ပြန်ကြရာ၊ မောင်မင်းသည် သော်သော်၏အစ်ကို ဦးဆိုးပေနှင့် ပါသွားလေ၏။ သော်သော်သည် မောင်မင်း ပါလာ၍ သူ့ယောက်မနှင့် စကားပြောဆိုနေရာမှ ထလာပြီး လျှင် လောကွတ်ပျူငှာနှင့် အထူး ဧည့်ဝတ်ကျေသို့ပြုပြီးနောက် ဤသို့ လျှင် စကားပြော လက်ဆုံကျနေလေ၏။

‘ဘ ... ဆုံးသွားတော့ ခင်ဗျားထံ သံကြိုး မပို့လိုက်လို့ သော်သော်ကို အပြစ်ဆိုသေးသလား’

‘မောင်လိပ်မီးရယ်၊ ဟိုတလော မင်းနှင့် တွေ့သွားရပြီးနောက် ကျုပ် သဘောတရားတွေကို လင်းသွားတာကြောင့် သော်သော်ထံက စာရောက်ရာ သေမျိုးချည်းပဲလို့ အောက်မေ့ပေမယ့် နည်းနည်းတော့ တုန်လှုပ်တယ်၊ ဘာတုန်လှုပ်သလဲ၊ ဘယ်လိုလှုပ်သလဲ ဆိုတော့ ဖေဖေ တော့ ကောင်းရာသုဂတိ ရောက်သွားပြီလို့ ဝမ်းသာမိတယ်’

‘ဒါလောက်တော့ဗျာ ...’

‘တို့ ဗုဒ္ဓဘာသာမှာ အယုတ်သဖြင့် သေခြင်းနှင့် ရှင်ပြုခြင်းကို နားလည်သင့်တယ်။ ဒါကိုမှ နားမလည်ရင် အလကားလူ ဆိုချင်တာပဲ’

‘ဆိုတော့ မဆိုနှင့်ဗျာ ...’

‘မင်းနှင့်ကျုပ် တွေ့သွားပြီးနောက် ပြန်သွားတော့၊ ကမ္ဘာဌာန်း ရိပ်သာ ရောက်သွားကာ စုံစမ်းတယ်၊ တစ်ယောက်နှင့်တစ်ယောက် ပေါက်ပြီဆိုပြီး သောတာပန် ဖြစ်နေကြပြီလို့ လက်တို့စကားပေါ့ကွယ်၊

mgyoe.com

mgyoe.com


ပြောကြတယ်။ ကျုပ်ကလည်း တိုးတိုးတိတ်တိတ်ပေါ့၊ သောတာပတ္တိဖိုလ်ကိုကော ရကြပါပလား မေးတော့ ...'

'ဟုတ်ကဲ့ သည်လိုပေါ့လေ ...'

'ဒါနှင့်ကွယ် သူ့ကိုယ်သူ သကဒါဂါမ်၊ သူများတွေကလည်း သကဒါဂါမ်လို့ သမုတ်နေတဲ့ ပင်စင်စားကြီး တစ်ယောက်မှာ သူ့သမီးဘီအေ အထက်တန်းမှာ သင်နေတုန်း ဆုံးသွားတော့ ဖျတ်ဖျတ်လူးလို့ပေါ့ ငိုလိုက်တာ'

'ကိလေသာ မကုန်ဘဲကိုဗျာ ...'

'ငိုတာ ငိုတာပေါ့၊ မြူတုံး အသုံးမကျကြီးကို သူ့သမီးထင်ပြီး ပြင်လိုက် ဆင်လိုက်တာလေ၊ သုံးရက်တိတိ ထားတယ်၊ မပြောချင်ပါဘူးကွာ အဲသည်လိုဟာတွေ ...'

ထိုခဏ၌ ဘသိန်းသည် ရောက်လာ၍ ဦးဆိုးပေက လာထိုင်မောင်ဘသိန်းဟု နှုတ်ဆက်၍ မောင်မင်းက ခင်ဗျား ခင်ခင်နှင့် လေထပ်နေလို့လားဟု မေး၍ ဤသို့ စကားဖြစ်နေကြလေ၏။

'ခင်ဗျားနှယ်ဗျာ၊ ကျွန်တော်က သူ့အဖေကို ဘကြီး ရှင်ပြုတတ်တဲ့ လူကို တွေ့ရပလားလို့ မေးတော့၊ တကတဲ ခင်ခင်က မောင်ဘသိန်းမင်းက မင်းဆရာ လိပ်မီးရဲ့ စကားသံကို သံယောင်လိုက်ပြီး ဘာစကားပြောတာလဲ ဆိုတာနှင့် စကားကြော ရှည်နေတာပါ'

'သြော်၊ ကိုင်း ... မောင်ဘသိန်း ရှင်ပြုပုံအကြောင်း ...'

'သော်သော် ပြောပြလိုက်စမ်းပါ၊ ကိုဘသိန်းကတော့ စကားကြမ်းတယ်'

'သည်လိုပါ၊ ရှင်သာမဏေ ဆိုတာလည်း ပဗ္ဗဇ္ဇ ရဟန်းပါပဲ'

'အင်း ...'

'ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘောပါတဲ့၊ ရဟန်းရှင်သာမဏေ အဖြစ်ကို အလွန်ရခဲသည်တဲ့ မလွယ်ဘူး အစ်ကို ...'

mgyoe.com

mgyoe.com


'အင်း ... ငါ ဟိုတစ်ခေါက်တုန်းက အဓိပ္ပာယ်နက်ကို မေးသွားမလို့ပါပဲ၊ အရေးကြီးလို့၊ ပြောစမ်းပါဦး'

'သာမဏေဝတ်ရန် သာမဏေ ဝတ်မည့်သူက သင်္ကန်းကို ယူလာခဲ့ပြီး ဆရာ ရဟန်းတော်ထံမှာ တပည့်တော် အလုံးစုံသော ဝဋ်ဆင်းရဲ အပေါင်းကို ငြိမ်းအေးရာ ငြိမ်းအေးကြောင်း အလို့ငှာ သင်္ကန်းဝတ်လိုပါသည်ဟု တောင်းပန်ရခြင်းကြောင့် သာမဏေ ဝတ်လိုသောသူသည် အလုံးစုံသော ဝဋ်ဆင်းရဲကို နားလည်ရမယ်'

'အင်း ဟုတ်ပြီ၊ သည်တော့မှ သင်္ကန်းဝတ်ပေးပြီး သိက္ခာ သာမဏေ ကျင့်စဉ်သဘောကို သင်ပေးရမည်။ သင်ပေးသည့်အတိုင်း ကျင့်သုံးရမည်။ ဆွမ်းစားခြင်း၊ သင်္ကန်းရုံခြင်း၊ ကျောင်း၌နေခြင်း၊ ဆေးမှီဝဲခြင်းတို့ကို အဘယ်ကြောင့် ဆွမ်းစားရသည်၊ သင်္ကန်းဝတ်ရသည်၊ စသည်တို့အတွက် ဆင်ခြင်ကာ ပုတီးစိပ်ရမယ် ဖြစ်လို့ ဆင်ခြင်တတ်အောင် သင်ပေးရမယ်'

'အင်း ...'

'ဒါကို ထားပါတော့၊ ဗုဒ္ဓဘာသာဝင်တို့ ထုံးတမ်းစဉ်လာအရ **သားကို ရှင်ပြုရမယ်** ဖြစ်လို့ သားက ဝဋ်ဆင်းရဲ ဆိုတာကို ဘာမှန်းမှ မသိဘဲ ဝဋ်ဆင်းရဲက ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဆိုတာကို ဘယ်လိုမှ မသိဘဲ မိဘက ရှင်သာမဏေ ဝတ်ပေးလို့ ရှင်ပြုရတာလည်း ရှိတယ်'

'အင်း ...'

'ဒါဖြင့် ရှင်မပြုရဘူးလားလို့ မေးစရာပေါ့၊ ပြုပါ၊ ပြုရပါတယ်၊ လက်ဖျစ်တစ်တွက်၊ လျှပ်စစ်တစ်လက် ဝမ်းသာအားရဖြင့် ရှင်သာမဏေ အဝတ်နှင့် နေရခြင်းသည် မြတ်ပါတယ်၊ ငါရှင်သာမဏေဟု အောက်မေ့ခြင်းသည် အလင်းကို ရခြင်းပါပဲ၊ သည်လို အလင်းကို ရခြင်းဟာ အထူးကြည့်ခြင်းအားဖြင့် ရတဲ့အလင်းထက်ပင် အားထားစရာပါ၊ ဒါကို

mgyoe.com

mgyoe.com


ရှိခိုးပူဇော် ဖူးမြော်ရခြင်းဟာလည်း အလွန် အားထားစရာဖြစ်တဲ့ အလင်းရောင်ပါပဲ'

'အင်း ... မောင်လိပ်မီး သဘောကျသလား'

'ကျပါတယ်'

'ဒါပေသည် ရှင်သာမဏေ ဝတ်အံ့သောသူသည် မဝတ်မီ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါးကို နားလည်ရမယ်။ ရှင်သာမဏေသည် ဘယ်လို ကျင့်သုံးပြီး စားသောက်၊ သွားလာ၊ နေထိုင်ရမယ်လို့ ရှင်ကျင့်ဝတ်ကို နားလည်ရမယ်'

'နားလည်တဲ့အတိုင်း သာမဏေဝတ်စဉ်မှာ ကျင့်သုံးနေထိုင်ရမယ်'

'အင်း ...'

'ရှင်သာမဏေ ဖြစ်စဉ်မှာ စား၊ ဝတ်၊ နေထိုင်၊ ဆေးမှီးခြင်းတို့၌ ဆင်ခြင်ရန် ပုတီးစိပ်ကို နားလည်ရမယ်'

'ရှင်သာမဏေဖြစ်စဉ် နားလည်သည့်အတိုင်း ပုတီးစိပ်ရမယ်'

'အင်း ... ဟုတ်ပြီ၊ ဘယ်လို ဝတ်ပေးမလဲ'

'အဲသည်တော့ သည်လို တတ်သိဖွယ်ရာကို တတ်သိပြီး နောက် သင်္ကန်း ပရိက္ခရာ စသည်တို့ကို ယူပြီး သားနှင့်တကွ ရဟန်းတော် ကျောင်းသွား၊ တပည့်တော်သားကို ဘာသာ ထုံးစံအလျောက် ရှင်သာမဏေ ဝတ်ပေးပါ လျှောက်၊ ဘုန်းကြီးက ဝတ်ပေး၊ မိဘ၊ သို့မဟုတ် အုပ်ထိန်းသူ၊ သို့မဟုတ် ဒကာပြုလုပ်သူက ပစ္စည်းလေးပါး ဒကာခံပြန်လာ၊ သည်ဟာဟာ ရှင်ပြုခြင်းပဲ၊ သူများကိုတော့ ဘာမှ မပြောပါဘူး၊ ရှင်ပြုခြင်းအားဖြင့် အလင်းရောင်ကို ရနိုင်ရန်သာ ကျွန်မ ပြောပြပါသည်'

'ငါ့နှမ၊ ငါတို့ သဘောကျတယ်ကွယ်၊ မင်းကိုလေးကိုလည်း ငါ ပြောပြီးခဲ့ပြီ၊ သဘောတူတယ်၊ ခုသည်မှာရှိတဲ့ ပစ္စည်းရွှေငွေ အရပ်ရပ်ကို နင့်အား လွှဲအပ်မလို့ ငါတို့လာတာ'

mgyoe.com

mgyoe.com


'ဟင် ... အစ်ကိုကြီး၊ ကျွန်မကလည်း သည်ပစ္စည်းတွေကို အစ်ကိုကြီးနှင့် ကိုလေးအား အပ်ပါရစေလို့ စာရေးထားတာပဲ'

'ဟ ... ဒါကြောင့်ကို ငါ အရေးတကြီး လာတာ၊ နင် သီလရှင်ဝတ်မလို့လား'

'မဟုတ်ပါဘူး၊ အရေခြုံ မဟုတ်ဘဲ တကယ့်လူကို တွေ့လို့ သဘောမျှရင်လည်း ကျွန်မ အိမ်ထောင်ပြုမှာပေါ့'

'ဒါနှင့်ပဲဟယ်'

'ကျွန်မလည်း အလုပ်နှင့်ပဲ ငွေဝင်ရှိပါတယ်၊ ကျွန်မမှာ စားလောက် သုံးလောက်၊ နေထိုင်လောက်ပါတယ်'

'ဟုတ်ရိုးလား ငါ့နှမ ...'

'ဟုတ်တယ် အစ်ကိုကြီး'

'ခွကျနေပြန်ပါပြီ၊ မောင်လိပ်မီး'

'သော်သော်အား ပြောပါစေဦးလေ'

'ကျွန်မမှာ ရွှေငွေပစ္စည်း ဘဏ္ဍာတို့နှင့် ပေါ်များနေတာကို မက်ပြီး အိမ်ထောင်ပြုမယ့်လူကလာ အကြောင်းပါ၊ ပစ္စည်း ဆိုတာကလည်း သခၤါရ၊ ရခြင်းသည် ကုန်မှ ဆုံး၏၊ ဖြစ်ခြင်းသည် ပျက်မှ ဆုံး၏။ ဒါကြောင့် အကယ်၍ ပစ္စည်းတွေ ပျက်စီးကုန်အံ့၊ ထိုအခါ ထိုယောကျ်ားနှင့် ကျွန်မသည် မကွဲရင် ရန်ပွဲ ခဏခဏ ဆင်နေရမှာ၊ အဲသည်တော့ ကျွန်မ အိမ်ထောင်ပြုမယ် ကြံရွယ်ခြင်းကြောင့် အမွဲမလေး ဖြစ်ချင်လို့ပါ အစ်ကိုကြီးရယ်'

'ဟုတ်တယ် အစ်ကိုကြီး၊ ဒါဟာ နည်းလမ်းကျပါတယ်'

'ဘယ်မှာ ရှိနိုင်မလဲ မောင်ဘသိန်းရယ်၊ ငါလည်း ခေတ်ဝတ္ထုတွေ ဖတ်ပါတယ်၊ နှစ်ကျပ်တန်ကိုပဲ လစဉ် ဝယ်ဖတ်ပါတယ်၊ တွေ့ပါရဲ့၊ စာရေးလို့၊ ပညာရှိတိုင်း စာကို တန်ဆာဆင်လို့၊ စာအုပ်ထဲမှာ ဝတ္ထုအဖြစ်နှင့် ရှိတာပါ'

mgyoe.com

mgyoe.com


'အစ်ကိုကြီး လောကမှာ လူ့အရေခြုံနေတဲ့ လူရေခြုံတွေကြီး မဟုတ်ဘူး အစ်ကိုကြီးရယ်၊ တကယ့်လူလည်း ရှိပါသေးတယ်'

'မောင်ဘသိန်းရဲ့ တကယ့်လူကိုပဲ ပြောစမ်းပါဦးကွယ်'

'အကျဉ်းချုပ်ပေါ့ ခင်ဗျာ'

'ကိုင်း ပြောစမ်းပါဦး'

'တကယ့်ယောကျ်ားက မိန်းကလေးရဲ့ ပစ္စည်းဥစ္စာကို မမြင်ဘူး ခင်ဗျာ၊ အင်း ... သည်မိန်းကလေးဟာ မရဏာနုဿတိကို ဗုဒ္ဓဘာသာ ပီသစွာ ဆင်ခြင်တတ်ရဲ့လား၊ မိဘ သေသွားသောအခါ ရွံစရာသော မြူတုံးကြီးကို ခေါင်းနှင့် ဖေ့ဖေ့ပြီး အသုဘ လူလာလေ အော်အော်ပြီး ငိုလေပေါ့ ခင်ဗျာ၊ အလောင်းကို မြေမြှုပ်ခါနီး၌ မေ့မြောပြီး တက်နေပေါ့၊ လူတွေက တွဲယူ၊ အိမ်ပြန်ရောက်တော့ ညမှာ တစ္ဆေကြောက်လို့ အောက်ကို အဖော် သုံးလေးယောက် မပါဘဲ မဆင်းဝံ့၊ အိပ်တော့လည်း တစ္ဆေကြောက်လို့ ကြားထဲက၊ အဲဒါဟာ မရဏာနုဿတိ မြဲတဲ့ မိန်းကလေးလား'

'သားမွေးသော် သားကို ရှင်ပြုတတ်တဲ့ မိန်းကလေး ဖြစ်ပါ့မလား'

'ပြီးတော့ သွားခြင်း၊ လာခြင်း၊ နေခြင်း၊ ထိုင်ခြင်း၊ ဘုဉ်းပေးခြင်းတို့ကို ကြည့်၍ဖြစ်စေ၊ ဓာတ်ရှင်ရုံပေါက်ဝ၊ ဘောလုံးပွဲ လူစည်စည်ကားကားကို ကြည့်၍ဖြစ်စေ၊ ပွဲသဘင် ကစားဝိုင်း ကြည့်၍ဖြစ်စေ၊ အရှက်အကြောက် ရှိ မရှိကို သတိထား၍ဖြစ်စေ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း ရဟန်းကို သိတတ်သော အမျိုးသမီး ဟုတ်ရဲ့လား'

'ထိုသုံးချက်သည် ဘာသာတရားအရ အရေးအကြီးဆုံး ဖြစ်တယ်ဟု ကြည့်တတ်မည့် တကယ့်လူလည်း ရှိမှာပါပဲ ခင်ဗျာ'

ထိုကဲ့သို့ စကားလက်ဆုံ ကျကြပြီးနောက် မောင်မင်းနှင့် မောင်ဘသိန်းတို့သည် ပြန်ကြလေ၏။

mgyoe.com

mgyoe.com


ထို့နောက် လအနည်းငယ် ကြာသောအခါ ဘသိန်းသည် ၎င်း၏ ကားကလေးနှင့် နေ့အား ဖြစ်သည်နှင့်အညီ မမကြီးနှင့် ခင်ခင်ကို ခေါ်၍ မောင်မင်း၏ အလုပ်ရုံထဲသို့ သွားရောက်လေ၏။ သို့ရာတွင် မောင်မင်းကို ခရီးထွက်နေသောကြောင့် ၎င်းတို့သည် မတွေ့ကြရချေ။

မမကြီးနှင့် ခင်ခင်သည် လိပ်မီး၏ အလုပ်ရုံမှ ရုံးခန်းသို့ ရောက်သွားရာ၊ ရုံးအုပ် ဘလှိုင် ဘီအေကို မြင်ကြရ၍ အလွန် အံ့အားသင့်နေကြလေ၏။ မမကြီးနှင့် ခင်ခင်သည် ငါတို့ ဘယ်လိုနေရာကို ရောက်လာကြပါသလဲ၊ နတ်ပြည် နတ်ဘုံနတ်နန်း ဆိုတာ ဒါလားဟုပင် အောက်မေ့မိဟန် လက္ခဏာရှိပုံရလေသည်။

ဘလှိုင်သည်ကား ဧည့်သည်များကို နေရာထိုင်ခင်းကောင်းစွာ ပေးထားသော်လည်း ဧည့်ခံစကား မပြောသာဘဲ အလုပ်ကို လုပ်နေရလေ၏။ ၎င်းကို အကြောင်းမသိသော် ဘလှိုင်သည် မာနကြီးသည်ဟုပင် ထင်ဖွယ် ဖြစ်နေတော့၏။ ထင်လည်း ထင်စရာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ရုံးခန်းနှင့် စားပွဲ ကုလားထိုင်တို့မှာ ရှေးအခါက နိုင်ငံတော် အတွင်းဝန်ချုပ်ကြီး၏ ရုံးခန်းထက်ပင် သားနား၍ ကျက်သရေရှိကာ တင့်ပနေ၏။ ထိုအလုပ်ရုံးကြီး ပိုင်ရှင်သည် ဖန်ခေါင်းတုံးနှင့်တူသော မောင်မင်းဟု ဘယ်လိုပင် ကျိန်ပြောပြော ယုံနိုင်ဖွယ်မရှိအောင် ဖြစ်နေလေ၏။

ဘလှိုင်၏ စားပွဲသို့လည်း လက်မှတ်ထိုးရန် လာသူများသည် ခဏခဏ ဖြစ်နေ၏။

ဘလှိုင်လည်း အလုပ်ချောင်သည်နှင့် တစ်ပြိုင်နက် ဘသိန်းအား၊ ကိုဘသိန်း ခင်ဗျားတို့ လျှောက်ကြည့်ချင်တာရှိရင် ကြည့်ဗျာဟု ချိုသောသဘောနှင့် ပြောပြလေ၏။

ဘသိန်းတို့လည်း ရုံးခန်းထဲမှ ထွက်လာကြ၍ ကြည့်နေရာ၊

mgyoe.com